မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၄)၊ အမှတ် (၉၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့ရေးရာနှင့် နိုင်ငံတကာရေးရာများနှံ့စပ်သိမြင်အောင်လေ့လာပြီး အမျိုးသားရေးစွမ်းရည်မြှင့်တင် ပြောင်းလဲတိုးတက်နေသည့်ခေတ်စနစ်နှင့်အညီ အရည်အချင်းမြင့်မားနေအောင်ဆည်းပူးလေ့လာ

ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေ အမျိုးသားညီလာခံကြီးသည် ကိုယ်စားလှယ်များ၏ဆန္ဒကို ထုတ်ဖော်တင်ပြနေသည့် စစ်မှန်သောလူထုညီလာခံကြီးဖြစ် အမျိုးသားညီလာခံကြီးအောင်မြင်ရေး အမျိုးသားရေးအသိဖြင့် ကြိုဆိုထောက်ခံပါဝင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(ယာပုံ)** *စာမျက်နှာ ၆ ကော်လံ ၁* ■

ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏ တန်ဖိုးများကို နားလည်သဘောပေါက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို တန်ဖိုးထား စောင့်ရှောက်ကာကွယ်။ နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေး အသိအမြင်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်မည့် စွမ်းအားဖြစ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

နိုင်ငံ့အင်အား တောင့်တင်းခိုင်မာရေး ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ပြည်၊ ကိုယ့်မြေ၊ ကိုယ့်ဘုရင်နှင့် တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် ခံ့ခံ့ထည်ထည်နေလာခဲ့ကြသည့် နိုင်ငံဖြစ်သည်။

နယ်ချဲ့တို့၏ မတရားကျူးကျော်သိမ်းပိုက်မှုကြောင့် နယ်ချဲ့လက်အောက်နှစ်ပေါင်း (၁၀၀)ကျော် ကျရောက်ပြီး သူ့ကျွန်ဘဝ၏ ခါးသီးသည့်အတွေ့အကြုံများကို တိုင်းရင်းသားပြည်သူများ ခါးစည်းခံခဲ့ကြရသည်မှာ မမေ့စကောင်းသည့် သမိုင်း၏သင်ခန်းစာများ ဖြစ်သည်။

နယ်ချဲ့တို့သည် လွတ်လပ်ရေးကို လွယ်လွယ်နှင့် မပေးလိုခဲ့ကြပေ။ တိုင်းရင်းသားအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်းဖြင့် ရရာလက်နက်စွဲကိုင်ကာ အသက်၊ သွေး၊ ချွေးများစွာပေးပြီး နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့သဖြင့် လွတ်လပ်ရေးကို ရရှိခဲ့ကြခြင်းဖြစ်သည်။

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၄ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ကျင်းပရာ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင်–

> **"ကျွန်တော်တို့ တိုင်းရင်းသားမြန်မာတို့ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာ ဓလေ့တို့ကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင် မချိအောင်နာတတ်သည့်စိတ်၊ ကိုယ့်တိုင်းပြည်အတွက် ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စားတတ်သည့်စိတ် စတဲ့ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသူများဖြစ်တဲ့အပြင် လွတ်လပ်ရေးကိုမြတ်နိုးသူများလည်း ဖြစ်ကြတဲ့အတွက် ဆုံးရှုံးသွားခဲ့ရသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ မျိုးရိုးဗီဇစိတ်ဓာတ်ကို မိမိတို့အားလုံး သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမှာဖြစ်ပါတယ်"**

ဟူ၍ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ၄ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သော်လည်း နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုများကြောင့် ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများ ပြင်းထန်ပြီး လက်နက်စွဲကိုင် တော်လှန်ပုန်ကန်မှုများ ပေါ်ပေါက်ခဲ့ရသည်ကို တပ်မတော်က တာဝန်ယူ တိုက်ခိုက်နှိမ်နင်းခဲ့ရသည်။

၁၉၆၂ခုနှစ်တွင် တိုင်းပြည်ဖရိုဖရဲ ပြိုကွဲတော့မည့် အန္တရာယ်ကိုလည်း တပ်မတော်ကပင် ထိန်းသိမ်း စောင့်ရှောက်ခဲ့ရသည်။

ပြည်တွင်းမတည်မငြိမ်မှု၊ စီးပွားရေးနိမ့်ကျမှုများကြောင့် ၁၉၈၈ခုနှစ် အရေးအခင်းဖြစ်ပေါ်ပြီး အုပ်ချုပ်ရေးယန္တရား ပျက်ပြားကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ပါ ထိခိုက်ပျက်စီးဆုံးရှုံးတော့မည့် အခြေအနေကိုလည်း သမိုင်းပေးတာဝန်အရ တပ်မတော်ကပင် တိုင်းပြည်၏တာဝန်ကို ယူခဲ့ရပြန်သည်။

မျက်မှောက်ကာလတွင် တပ်မတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးများရရှိပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်ချက် (၁၂)ရပ်ချမှတ်၍ အခက်အခဲအမျိုးမျိုး အနှောင့်အယှက်၊ အဟန့်အတား၊ အပိတ်အဆို့ အမျိုးမျိုးကြားက လှုပ်ရှားရုန်းကန်ပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် တိုင်းပြည်ကို တည်ဆောက်လျက်ရှိပေသည်။

ယခုအခါ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိနေပေသည်။ ယင်းသို့သော အချိန်အခါတွင် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကြောင့် ဤဖြစ်တည် တိုးတက်မှုများ မပျက်မယွင်း၊ မပျောက်မပျက် စေရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပြီး ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ကို တောင့်တင်းခိုင်မာအောင် တည်ဆောက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း မိမိတို့ကျရာ အခန်းကဏ္ဍက တာဝန်သိသိဖြင့် ပါဝင်ထမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာဗန္ဓုလထရက်တာကုမ္ပဏီလီမိတက် ဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မဟာဗန္ဓုလထရက်တာကုမ္ပဏီလီမိတက် စတင်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇန်နဝါရီ၅ရက် နံနက်၈နာရီခွဲတွင် ကုမ္ပဏီတည်ရှိရာ လှိုင်သာယာစက်မှုဇုန် (၄) မင်းကြီးမဟာမင်းခေါင်လမ်း အမှတ်၁၅၂၃ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေနှင့်စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ကုမ္ပဏီအသီးသီးမှအထူးဖိတ်ကြားထားသူများ၊ မဟာဗန္ဓုလထရက်တာကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ ကုမ္ပဏီအဆောက်အအုံကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် HCM (S) Pte Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Simon H.G. Poh တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ဖွင့်ပွဲအခမ်းအနားကို ခန်းမအတွင်း၌ ဆက်လက် ကျင်းပရာ မဟာဗန္ဓုလ ထရက်တာကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ကြေးမုံဝင်းက အဖွင့်နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် မန်နေဂျင်းဒါရိုက်တာ Mr. Simon H.G.Poh တို့က အသီးသီး အမှာစကား ပြောကြားကြပြီး ကုမ္ပဏီ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂရင်းနိုက်ကျောက်တုံးပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆောင်ရွက်ပေး

မဟာဗန္ဓုလထရက်တာကုမ္ပဏီသည် Hitachi Construction Machinery မှထုတ်လုပ်သော လုပ်ငန်းခွင်သုံး စက်ယန္တရားကြီးများနှင့် စက်အရန်ပစ္စည်းများ ရောင်းချပေးခြင်းလုပ်ငန်းအပြင် ၎င်းစက်ယန္တရားကြီးများအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို မြန်မာနိုင်ငံတွင် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၆–၁–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၃။ ကာတွန်းအစီအစဉ် **"ပင်ကင်းနှင့် လိုက်ကင်း"** (အပိုင်း–၂၆)(ဇာတ်သိမ်းပိုင်း)
- ၆း၅၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ခန်းရပ်ချစ်ပုံပြင်"** (အပိုင်း–၂၂)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း–၇)

ဂေါက်သီးရိုက်ပြိုင်ပွဲ အထူးဂုဏ်ပြုချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးမိသားစု၏ ၂၀၀၆ခုနှစ် နှစ်သစ်ကူးမင်္ဂလာ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဥက္ကလာဂေါက်ကွင်း၌ ဇန်နဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ကျင်းပမည်ဖြစ်ပြီး Hole in One ရရှိသူများအား Sakura K.T.V နှင့် Modern K.T.V တို့က အထူးဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

Sponsor ပေးလိုသူများ၊ ဂေါက်သီးရိုက် ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဥက္ကလာဂေါက်ကွင်း(Reception) ဖုန်း–၀၁–၅၇၀၉၄၀၊ ဦးပြုံးချို ဖုန်း–၀၉–၉၉–၂၂၆၄၉၊ ဦးသန်းဦး ဖုန်း–၀၉–၅၁၁၇၁၁၇နှင့် ဦးရဲထွဋ် ဖုန်း–၀၉–၉၉–၂၇၃၇၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသော အမွေ စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

စာရေးဆရာလှိုင်သင်း(ဗိုလ်မှူးချုပ် ဝင်းမြင့် တပ်မတော် နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ်) ဘာသာပြန်ဆို ရေးသားသော **လူ့ယဉ်ကျေးမှု သမိုင်း အရှေ့တိုင်းကရသော အမွေ** စာအုပ်ကို ပါရမီစာပေက ဖြန့်ချိထားသည်။

ဤစာအုပ်တွင် လူ့ယဉ်ကျေးမှု၏ သဘောသဘာဝနှင့် အခြေခံ အကြောင်းတရားများကို အသေးစိတ် ဖော်ပြထားပြီး အီဂျစ်နှင့် အရှေ့တစ်လျှောက် အိန္ဒိယ၊တရုတ်၊ ဂျပန် တို့၏ လူ့ယဉ်ကျေးမှုသမိုင်း၊ ဥရောပ အာရှ၊ အာဖရိက ယဉ်ကျေးမှုသမိုင်း၊ ဥရောပ နိုင်ငံများ၏ ယဉ်ကျေးမှုသမိုင်း၊ဥရောပ စာပေနှင့် ယဉ်ကျေးမှုသမိုင်း စသည့် ယဉ်ကျေးမှုသမိုင်းများကိုပါ အပိုင်းငါးပိုင်းခွဲခြား၍ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ လူငယ် လူရွယ်များ၊ သုတေသီများအနေဖြင့် သမိုင်းယဉ်ကျေးမှု အမွေများကို အနာဂတ် ယဉ်ကျေးမှုအတွက် လက်ဆင့်ကမ်း ရယူနိုင်ခြင်း၊ လူ့ယဉ်ကျေးမှု ဗဟုသုတများ တိုးပွားလာစေခြင်းတို့အပြင် ဆင်ခြင်မျှော်တွေးတတ်သော အသိပညာများ ရရှိလာစေခြင်း စသည့် အကျိုးများ တိုးပွားလာနိုင်သော အဖိုးတန် စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်တန်ဖိုးမှာ ကျပ် ၆၀၀၀ ဖြစ်ပြီး ပါရမီစာပေ အမှတ် ၁၃၀ ၂၉ လမ်း ရန်ကုန်မြို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလအတွက်

(၈–၁–၂၀၀၆)ရက်နေ့

နှင့်

(၂၉–၁–၂၀၀၆)ရက်နေ့

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်
၆-၁-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မြန်မာ့မြေအောက် သယံဇာတများ ရွှေနှင့် ခဲမဖြူသတ္တုတူးဖော်ရေးလုပ်ငန်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	မော်ကွန်းစာကိုး ပြည့်တန်ဖိုး
၇း၄၅	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	ဆောင်းနံနက်ခင်းတစ်ခု၏ လွှို့ဝှက်သောနှင်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	ရော်ဘာကြိတ်လုံးထုတ်လုပ်ပုံအဆင့်ဆင့်
၈း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	သံလွင်တံတား(တာပါး)
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	ကာယဗလ လေ့ကျင့်နည်းစနစ်
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	သီးနှံဖျက်ပိုးများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ (အပိုင်း-၂)
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ရေနွေးငွေ့သုံး ဆန်အရောင်တင်စက်
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	Myanmar Video Rhythm
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်း ဟောပြောချက်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အမိန့်ဗျာ

"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းထက် မွန်မြတ်သော လုပ်ငန်းတာဝန်သည် မရှိပြီ။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အသက်ပေး ကာကွယ်စောင့်ရှောက်ကြပါစို့"

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။

အီဂျစ်သမ္မတနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အီဂျစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက်ဟော်စနီမူဘာရက်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံ ပြည်သူပြည်သားများ ကျန်းမာချမ်းသာပြီး ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ အီဂျစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာအာမက်နာဇစ်ဖ်ကလည်းကောင်း၊ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ အီဂျစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအဘူလ်ဂိုဟတ်ထံမှလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး ပေးပို့ခဲ့ကြသည်။

အစ္စရေးနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အစ္စရေးနိုင်ငံ သမ္မတ မစ္စတာမိုရှေကတ်ဆက်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိကိုယ်တိုင်နှင့်အတူ အစ္စရေးနိုင်ငံ ပြည်သူများကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူများ တိုးတက်ဖွံ့ဖြိုးမှုနှင့် ကြွယ်ဝချမ်းသာမှုများ ဆက်လက်ရရှိစေရန် ဆုမွန်ကောင်းများ ပေးပို့ပါကြောင်း ဖော်ပြပါရှိသည်။

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒရာရာဂျာပက်ခ်စီထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ အကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် တိုးတက်ဖြစ်ထွန်းနေမည်ဟု ယုံကြည်ပါကြောင်း။ အဆွေတော်နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူများ ကျန်းမာချမ်းသာမှု ပြည့်စုံစေရန် ဆုမွန်ကောင်းများ ပေးပို့အပ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရက်နာစီရိဝိကရမာနာရာကေးထံမှလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမန်ဂလာဆာမာရာဝီရာထံမှလည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး ပေးပို့ခဲ့ကြသည်။

အီရန်အစ္စလမ်မစ်သမ္မတနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ အီရန်အစ္စလမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မနူရှာမိုတာကီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် အနာဂတ်ကာလတွင် ပိုမိုဆက်ဆံဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများ ပေးပို့အပ်ပါကြောင်း ဖော်ပြပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများ
မြို့နယ်များတွင် ကျင်းပ

ဒဂုံမြို့သစ် ဆိပ်ကမ်း မြို့နယ်

လှိုင်သာယာမြို့နယ်

ဗဟန်းမြို့နယ်

မင်္ဂလာတောင်ညွန့်မြို့နယ်

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် မုတ်သုံမိုးရွာသွန်းပြီး မြေပြိုကျမှု ဖြစ်ပွားခဲ့ခြင်းကြောင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၄ရက်က တွေ့ရစဉ်။ (ယင်းမြေပြိုကျမှုကြောင့် ကျေးရွာရှိ အိမ်များပေါ်သို့ မြေခဲနှင့် ကျောက်တုံးများ ကျရောက်ပိတ်မိ နေသောကြောင့် လူ ၁၇၀ကျော် ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှား၌ ရေကြီး၊မြေပြိုမှုဖြစ်ပွား သေဆုံးသူ ၅၁ဦးအထိရှိလာ

ဆူရာဘာယာ ဇန်နဝါရီ ၅

အင်ဒိုနီးရှားနိုင်ငံအရှေ့ဂျာဗားရှိ ကျေးရွာအချို့ ရေကြီးပြီး မြေပြိုကျရာမှ သေဆုံးသူ ၅၁ဦးအထိရှိလာကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးက ဇန်နဝါရီ ၃ရက်၌ ပြောကြားလိုက်သည်။

သေဆုံး

ဇန်နဝါရီ ၁ရက်က မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဂျကာတာမြို့ အရှေ့ဘက် မိုင် ၅၀၀ အကွာ ဂျင်ဘာမြို့အနီး တောင်ဘေးရှိ ကျေးရွာငယ် ခြောက်ရွာ ရေကြီးပြီး မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူ အများစုသည် အာဂိုပူရိတောင်များ၏ ကမ်းပါးဘေး ကော်ဖီစိုက်ပျိုးသူများ ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ယခုနှစ် ပထမလေးလတွင် ဗီယက်နမ်ဆန် တန်ချိန်ခြောက်သိန်း ပြည်ပသို့တင်ပို့မည်

ဟနွိုင်း ဇန်နဝါရီ ၅

ဗီယက်နမ်ဆန်တင်ပို့ရောင်းချရေးလုပ်ငန်းများသည် ယခုနှစ် ပထမလေးလပတ်တွင် ဖိလစ်ပိုင်၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကသို့ ဆန်တန်ချိန် ၆၀၀၀၀၀ တင်ပို့ရောင်းချရန် စာချုပ်များ ချုပ်ဆိုထားပြီဖြစ်ကြောင်း သိရသည်။

ဆန်တန်ချိန် ၃၄၂၅၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနက ပြောကြားသည်။

စာချုပ်

ယခုနှစ် ပထမလေးလတွင် ဗီယက်နမ်နိုင်ငံမှ ဆန်တန်ချိန် ၁၀၀၀၀၀ ကို အင်ဒိုနီးရှားနိုင်ငံက စာချုပ်မည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနက ပြောကြားသည်။

ဟောကိန်းထုတ်

အာရှဆန်ဈေးကွက်သည် ၂၀၀၆ ခုနှစ်တွင် တရုတ်နှင့် အိန္ဒိယ ဆန်ထုတ်လုပ်မှု ကျဆင်းခဲ့၍ ဆန်ဈေးနှုန်း ဆက်တက်နေလိမ့်မည်။ ယင်း ဆန်စပါးလုပ်ငန်းဦးစီးဌာနမှ ဟောကိန်း ထုတ်လိုက်သည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် စပါးတန်ချိန် ၃၈၊ ၃၉သန်း ထုတ်လုပ်ကာ ဆန်တန်ချိန် ၄သန်းမှ ၄ဒသမ ၂သန်း ပြည်ပသို့ တင်ပို့ရောင်းချရန် စီစဉ်ထားကြောင်း ယင်း ဦးစီးဌာနက ပြောကြားသည်။

ပြောကြား

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ခုနှစ်က ဆန်တန်ချိန် ၅ဒသမ ၂သန်း တင်ပို့ရောင်းချကာ အမေရိကန်ဒေါ်လာ ၁ဒသမ၄ဘီလီယံ ရရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တွင် ကန်တို့လေကြောင်းမှ တိုက်ခိုက်၊ မိသားစုဝင် ၁၄ဦးသေဆုံး

တီကရစ် ဇန်နဝါရီ ၅

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံချက်လုပ်သည့် ဘေဂျီမြို့ကို အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်သည့်အတွက် မိသားစုတစ်စုမှ မိသားစုဝင် ၁၄ဦး သေဆုံးခဲ့ကြောင်း အီရတ်လုံခြုံရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

ဒဏ်ရာရ

အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် နေအိမ်တစ်လုံး ပျက်စီးသွားပြီး နေအိမ်အတွင်းရှိ လူ၁၄ဦးသေဆုံးသွားကြောင်း အမေရိကန်နှင့် အီရတ်တပ်များအကြား ဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကို တာဝန်ယူရသည့် ပူးတွဲညှိနှိုင်းရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အခြားနေအိမ်လေးလုံးကိုလည်း လေကြောင်းမှ တိုက်ခိုက်ဖျက်ဆီးသည့်အတွက် တနင်္လာနေ့ ညက လူသုံးဦး ဒဏ်ရာရသွားသည်။

ဤသတင်းကို ဘေဂျီမြို့မှ အီရတ်ရဲတပ်ဖွဲ့နှင့် စစ်တပ်မှ ရရှိခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အမေရိကန် စစ်ဘက်ကမူ ဤသတင်းနှင့်ပတ်သက်၍ ချက်ချင်းထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ပြတ်လပ်

အီရတ်နိုင်ငံရှိ အကြီးဆုံးသော ရေနံချက်စက်ရုံမှ ရေနံနှင့် လောင်စာထုတ်လုပ်မှုကို ဖရိုဖရဲဖြစ်စေရန် ပြောက်ကျားများက ကြိုးပမ်းဖျက်ဆီးမှုအပါအဝင် ဘေဂျီမြို့ကို သူပုန်တို့ အကြမ်းဖက်နှောင့်ယှက်ဖျက်ဆီးခြင်းမှာ အထင်းသားတွေ့နိုင်သည်။ လွန်ခဲ့သည့် လက ရေနံချက်စက်ရုံ ပိတ်လိုက်ခြင်းကြောင့် အီရတ်နိုင်ငံတစ်ဝန်း လောင်စာအကြီးအကျယ် ပြတ်လပ်သွားစေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ပါကစ္စတန်၌ အဆုတ်ရောင်ရောဂါကြောင့် ကလေး ၃၅ဦး သေဆုံးခဲ့ရ

ဂီလ်ဂစ် ဇန်နဝါရီ ၅

ပါကစ္စတန်အုပ်ချုပ်သည့် ကက်ရှ်မီးယားရှိ တောင်တန်းကျေးရွာသုံးရွာတွင် နှင်းများထူထပ်စွာကျဆင်းပြီး အပူချိန် သုညအောက် ၃၀ဆဲလ်ဆီးယပ်စ်အထိ နိမ့်ဆင်းခဲ့သဖြင့် လွန်ခဲ့သည့် ရက်သတ္တပတ်ကတည်းက ကလေး ၃၅ဦးမှာ အဆုတ်ရောင်ရောဂါဖြင့် သေဆုံးခဲ့ကြောင်း ဒေသခံအရာရှိတစ်ဦးက ဇန်နဝါရီ ၃ရက်၌ ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ မြို့တော် အစ္စလမ္မာဘတ်၏ အရှေ့မြောက်ဘက် မိုင် ၁၉၀ခန့်အကွာ ပါကစ္စတန်ထိန်းချုပ်သည့် ကက်ရှ်မီးယားရှိ ဂူလ်တာရီဒေသတွင် ကလေး ၂၈ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးညွှန်ကြားရေးမှူး ဟာဆန်ခန်အဘာချီယာက ပြောကြားသည်။

သေဆုံးမှုဖြစ်ပွားသည့်ကျေးရွာများမှာ မာတာယဲလ်၊ ကာဘွတ်ရှ်နှင့် ဘန်ယဲလ်ကျေးရွာသုံးရွာ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

၂၀၀၅ခုနှစ်အတွင်း သေဆုံးသည့် သတင်းစာဆရာပေါင်း ကမ္ဘာတစ်ဝန်းတွင် ၄၇ဦးရှိ

နယူးယောက် ဇန်နဝါရီ ၅

၂၀၀၅ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် သေဆုံးသူ သတင်းစာဆရာပေါင်း ၄၇ဦးရှိကြောင်း၊ ၎င်းတို့အနက် ၂၂ဦးမှာ အီရတ်စစ်ပွဲအတွင်း သေဆုံးခြင်းဖြစ်ကြောင်း၊ ကမ္ဘာနှင့်အဝန်း သေဆုံးသူ သတင်းစာဆရာ လေးပုံသုံးပုံတို့ကို ၎င်းတို့အား နှုတ်ပိတ်စေရန် သို့မဟုတ် အပြစ်ပေးရန် ရည်ရွယ်၍ သတ်ဖြတ်ခြင်းဖြစ်ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဖော်ပြ

သတင်းစာဆရာများ ကာကွယ်ရေးကော်မတီ၏ အဆိုပါ အစီရင်ခံစာ၌ ၂၀၀၄ခုနှစ်အတွင်းက ကမ္ဘာတစ်ဝန်း သေဆုံးသူသတင်းစာဆရာ ၅၇ဦးအထိရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် သေဆုံးသူဦးရေ လျော့ကျသွားကြောင်း၊ သို့သော် လွန်ခဲ့သော ၁၀နှစ်က နှစ်စဉ် ပျမ်းမျှ သေဆုံးသူ ဦးရေ ၃၄ဦးနှင့် နှိုင်းစာပါက များသေးကြောင်း ဖော်ပြထားသည်။

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်အား အမေရိကန်ဦးဆောင်သည့် တပ်များ ကျူးကျော်ဝင်ရောက်ကတည်းက ၂၀၀၅ခုနှစ်ကုန်အထိ အီရတ်၌ သေဆုံးသည့် သတင်းစာဆရာဦးရေမှာ ၆၀ရှိသွားပြီဖြစ်သဖြင့် သတင်းစာဆရာများ ကာကွယ်ရေးကော်မတီ၏ ၂၄နှစ်တာ သမိုင်းတွင် အီရတ်အရေးသည် သတင်းစာဆရာအသေအပျောက် အများဆုံး ပဋိပက္ခဖြစ်သည်။

ပဋိပက္ခ

၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ဖြစ်ပွားသော အယ်ဂျီးရီးယား ပဋိပက္ခ၏ စံချိန်ကိုပင် အီရတ် ပဋိပက္ခက ကျော်လွန်သွားသည်။ အယ်လ်ဂျီးရီးယားအရေးတွင် သတင်းစာဆရာ စုစုပေါင်း ၅၈ဦး သေဆုံးခဲ့ကြရသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ရှိ လမ်းတစ်လမ်းပေါ်တွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက် ခံရမှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်များကို ဇန်နဝါရီ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၂၀၀၅ခုနှစ်တွင် လူပေါင်း ၆၀၀၀နီးပါးသေဆုံးခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံ၌ ၂၀၀၅ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သားများ စုစုပေါင်း ၆၀၀၀နီးပါး သေဆုံးကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ကြေညာသည်။

သေဆုံးသူ ၅၇၃၆ဦးအနက် အရပ်သား ၄၀၂၀၊ ရဲတပ်ဖွဲ့ဝင် ၁၂၄၁ဦးနှင့် စစ်သားများ ၄၇၅ဦး ပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။

ထို့ပြင် အကြမ်းဖက်သမားများဆိုသူ ၁၇၃၄ဦး သေဆုံးကြောင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။ စက်တင်ဘာလအတွင်းက သေဆုံးသူ ၅၅၇ဦးရှိသည့်အတွက် တစ်နှစ်အတွင်းတွင် စက်တင်ဘာလသည် အသေအပျောက် အများဆုံးလ ဖြစ်သည်ဟု ဆိုသည်။

သို့သော် ပြည်ထဲရေးဝန်ကြီးဌာန၏ သေဆုံးသူစာရင်းတွင် ဘဂ္ဂဒက်မြို့၌ ဩဂုတ်လက ဘာသာရေးပွဲလမ်းတစ်ခု ကျင်းပစဉ် တံတားပေါ်တွင် တိုးဝှေ့တက်နင်းမိပြီး သေဆုံးသူ ၁၀၀၀ခန့် မပါဝင်ပေ။ ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ် နိုင်ငံအား အမေရိကန်ဦးဆောင်သည့်တပ်များကျူးကျော်ပြီးနောက် အီရတ်၌ အရပ်သားများသေဆုံးမှု အရေအတွက်မှာ ၃၀၀၀၀ခန့်ရှိမည်ဟု လွတ်လပ်သည့်အဖွဲ့အစည်းများက ခန့်မှန်းသည်။

အမ်အင်အေ၊ဆင်ဟွာ

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁/၂၀၀၆
၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်–

ယမန်နေ့ကအဆက်

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်(အဆက်)

၃၁။ ဘဒ္ဒန္တအကုံရ မြသိမ်းတန်ကျောင်းတိုက်၊ ဒလက်အနောက်ကျေးရွာ၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်။
၃၂။ ဘဒ္ဒန္တကုဏ္ဍက မီးဝဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မီးဝကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်။
၃၃။ ဘဒ္ဒန္တသိရီ မာလာရာမကျောင်းတိုက်၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
၃၄။ ဘဒ္ဒန္တပဏ္ဍိစ္စ ပုပ္ပားကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။
၃၅။ ဘဒ္ဒန္တခေမာဝံသ ရန်ကုန်ကျောင်းတိုက်၊ (၇)အနောက်ရပ်ကွက်၊ အောင်ချမ်းသာ ၃လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၃၆။ ဘဒ္ဒန္တဉာဏဝံသ ကမာကလူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၇။ ဘဒ္ဒန္တစန္ဒိမာ စလေသီဂိဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ (၁၅)ရပ်ကွက်၊ (၅)ဝိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၃၈။ ဘဒ္ဒန္တဥဂ္ဂံသ ဓမ္မဇေယျာကျောင်းတိုက်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
၃၉။ ဘဒ္ဒန္တပုညသေဋ္ဌ ပြည်လုံးချမ်းသာဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ အမှတ်(၈) ၇နောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၄၀။ ဘဒ္ဒန္တကုသလာဘိဝံသ ခေမာသီဝံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ည–(၁၁) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။
၄၁။ ဘဒ္ဒန္တသီလဝံသ ပညာရာမိကမဟာကျောင်းတိုက်၊ အမှတ်(၁၀) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၂။ ဘဒ္ဒန္တကဝိန္ဒ မှန်ကင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ (၁၀) တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၄၃။ ဘဒ္ဒန္တသူရိယ အောင်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။
၄၄။ ဘဒ္ဒန္တတိက္ခာစာရ အောင်သိဒ္ဓိမဟာမြိုင်ကျောင်းတိုက်၊ မာလာရုံလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၅။ ဘဒ္ဒန္တဝါယမ ဇေယျာတောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ငါးဆူတောင်၊ အမှတ်(၃)ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။
၄၆။ ဘဒ္ဒန္တနန္ဒဝံသ ပရဟိတဘုန်းတော်ကြီးသင်ဆုတောင်းပြည့်ကျောင်း၊ ကျောက်ရေတွင်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၇။ ဘဒ္ဒန္တကုဒ္ဒိဗလ မူလဆယ်တောင်ပြည့်ကျောင်းတိုက်၊ ဓ/တောင်ရပ်ကွက်၊ သဃၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄၈။ ဘဒ္ဒန္တသူရိယ ကျောက်ဂူတောရဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဘူတာရပ်ကွက်၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၄၉။ ဘဒ္ဒန္တတိသ မြို့ဦးကျောင်းတိုက်၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန၊ ဈေးနောက်ရပ်ကွက်၊ ဖယ်ခုံမြို့၊ ရှမ်းပြည်နယ်။
၅၀။ ဘဒ္ဒန္တသုန္ဒရ သီရိမင်္ဂလာတိုက်သစ်ကျောင်း၊ သမိန်ထောကုန်းတန်းရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။
၅၁။ ဘဒ္ဒန္တအဂ္ဂဝံသ ဓမ္မသုခကျောင်း၊ အင်းမရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း။
၅၂။ ဘဒ္ဒန္တပညာစက္က ပရဟိတကျောင်း၊ ရေစခန်းကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်း။
၅၃။ ဘဒ္ဒန္တစိန္တာဝရ ဇောတိကာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အစုကြီးကျေးရွာ၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်း။
၅၄။ ဘဒ္ဒန္တဥတ္တမ ဗလသုခကျောင်းတိုက် ကြက်ဖမွေးဇောင်းရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၅၅။ ဘဒ္ဒန္တအဂ္ဂသာမိ တထာဂတဝိပဿနာကျောင်းတိုက် ဆန်ဟိုဆေးမြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ။
၅၆။ ဘဒ္ဒန္တပရအသိဂရုစုရပုဇနသုမာရုံတို၊ ဆန်းဖုဝကျောင်းတော်ကြီး၊ ကန်ချနပူရီမြို့နယ်၊ ထိုင်းနိုင်ငံ။
၅၇။ ဘဒ္ဒန္တဝိဝေကနန္ဒ ပဏ္ဍိတာရာမအပြည်ပြည်ဆိုင်ရာဝိပဿနာတရားစခန်းကျောင်း၊ လုမ္ဗိနီဖွံ့ဖြိုးရေးဒေသ၊ နီပေါနိုင်ငံ။

သီလရှင်ဆရာကြီး

၅၈။ ဒေါ်ဓမ္မသီဂိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အောင်မင်္ဂလာရပ်၊ လေရှီးမြို့နယ်၊ စစ်ကိုင်းတိုင်း။

ပြည်ပသီလရှင်

၅၉။ ဆရာကြီးအန္နဂါရိကသကျသီလ သကျသီလကျောင်း၊ လာလစ်ပူမြို့၊ နီပေါနိုင်ငံ။

လှူပုဂ္ဂိုလ်

၆၀။ ဒေါ်ဂျပ်ကော့ တပ်ကုန်းသာသနာပြုကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၆၁။ ဒေါက်တာခင်မောင်ညွန့် အမှတ်၄၄၉၊ မိုးမခလမ်း၊ ဗိုလ်ချုပ်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆၂။ ဦးကျော်ခင်မြင့် အမှတ်၁၃၄၊ ရွှေဘုံသာလမ်း၊ (၆)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆၃။ ဒေါ်တင်တင်စိန် အမှတ်၉၊ ပြည်သူ့လမ်း၊ ၇မိုင်၊ ပြည်လမ်း၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆၄။ ဒေါ်ခင်လှတင် အမှတ်၄၊ ဝင်္ကပါလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတိသ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တဉာဏိန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လမ်းနို့(၁)ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။
၃။ ဘဒ္ဒန္တရေဝတ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။
၄။ ဘဒ္ဒန္တကေတု ရှင်ဗွေယန်သာသနာပြုဌာန၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။
၅။ ဘဒ္ဒန္တအာဒိစ္စ ခဏ္ဍာသိမ်ကျောင်း၊ တောင်ဝိုင်းရပ်ကွက်၊ ဖားဆောင်းမြို့နယ်၊ ကယားပြည်နယ်။
၆။ ဘဒ္ဒန္တဥက္ကံသ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မထောခူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။
၇။ ဘဒ္ဒန္တသေဋ္ဌိလ လောခုခူထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖရူဆို မြို့နယ်၊ ကယားပြည်နယ်။
၈။ ဘဒ္ဒန္တအာနန္ဒာသိဒ္ဓိ မဟာသုခိတာရုံကျောင်းတိုက်၊ ပျားစခန်းသာသနာပြုဌာန၊ သံတောင်မြို့နယ်၊ ကရင်ပြည်နယ်။
၉။ ဘဒ္ဒန္တနန္ဒသာရ ကြာအင်းပေါ်တော်မူဝါးဘိုးတောသာသနာပြုဌာန၊ ကြာအင်းပေါ်တော်မူကျေးရွာ၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
၁၀။ ဘဒ္ဒန္တဇောတိက တောင်တန်းသာသနာပြုဗဟိုကျောင်း၊ အမှတ်(၄) ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်။
၁၁။ ဘဒ္ဒန္တသုဇန ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဗားလုံကျေးရွာ၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။
၁၂။ ဘဒ္ဒန္တဥတ္တမ(စလင်း) ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်။
၁၃။ ဘဒ္ဒန္တသီလာနန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မွိတွိကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်။
၁၄။ ဘဒ္ဒန္တအာဒိစ္စ ဇေယျာအောင်မြေကျောင်း၊ တပင်ရွှေထီးရပ်၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၅။ ဘဒ္ဒန္တရောဟဏ ရွှေကျောင်းကြီးကျောင်း၊ တောင်ပိုင်းရပ်ကွက်၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၆။ ဘဒ္ဒန္တသံဝရ မင်းမရွာဦးကျောင်းတိုက်၊ မင်းမအရှေ့ရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၇။ ဘဒ္ဒန္တမာဃိန္ဒာလင်္ကာရ ဇေယျသုခကျောင်း၊ အင်းရွာ၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၈။ ဘဒ္ဒန္တစန္ဒိမာ ပြည်လုံးချမ်းသာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွာသစ်ကျေးရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၉။ ဘဒ္ဒန္တနန္ဒိယ မဟာသုခိတာရာမတောရကျောင်း၊ ပေါမိုင်းရပ်ကွက်၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၂၀။ ဘဒ္ဒန္တသာဂရ အောင်နိမိတ်ရောင်ခြည်ဦးကျောင်းတိုက်၊ တမူးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၂၁။ ဘဒ္ဒန္တသုဇာတ ဓမ္မဒီပဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွာသာယာရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၂၂။ ဘဒ္ဒန္တတေဇိန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နန်းယွန်းမြို့နယ်၊ စစ်ကိုင်းတိုင်း။
၂၃။ ဘဒ္ဒန္တသုနန္ဒ ပုဗ္ဗာရုံကျောင်းတိုက်၊ ကသစ်ကုန်းရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၂၄။ ဘဒ္ဒန္တဇဝန ရွှေပုဂံကျောင်းတိုက်၊ ရွှေညောင်ပင်ရွာ၊ ဖောင်းပြင်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၂၅။ ဘဒ္ဒန္တကုသလ သာစည်ပရဟိတအဖွဲ့ကျောင်း၊ သာစည်စံပြကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၂၆။ ဘဒ္ဒန္တပညာနန္ဒ သဒ္ဓမ္မသီတဂူကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၂၇။ ဘဒ္ဒန္တအာစာရာလင်္ကာရ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။
၂၈။ ဘဒ္ဒန္တအာစရ တောင်သစ်ကျောင်းတိုက်၊ ကျောက်မြောင်းရပ်ကွက်၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း။
၂၉။ ဘဒ္ဒန္တကုမာရ မြို့မကြက်စားပြင်ကျောင်းကြီးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ပရဟိတစေတနာမူလတန်းကျောင်း၊ ကြက်စားပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။
၃၀။ ဘဒ္ဒန္တသုဇာတ သံသရာအေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၃၁။ ဘဒ္ဒန္တဂုဏသာရ မဇောပြင်ကြီးထေရဝါဒဗုဒ္ဓသာသနပြုဗဟိုကျောင်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၃၂။ ဘဒ္ဒန္တသုမင်္ဂလ ပဒဲတောင်ကျောင်းတိုက်၊ ပဒဲကျေးရွာ၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း။
၃၃။ ဘဒ္ဒန္တပဏ္ဍိစ္စ ပန်းခြံကုန်းပရဟိတကျောင်းတိုက်၊ ပန်းခြံကုန်းရပ်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၃၄။ ဘဒ္ဒန္တပညာဝရ ဓမ္မအောင်မြေကျောင်းတိုက်၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၃၅။ ဘဒ္ဒန္တဝိလာသ ရွှေတောင်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၃၆။ ဘဒ္ဒန္တဝိပုလဉာဏ မင်္ဂလာရပ်စုံကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်း။
၃၇။ ဘဒ္ဒန္တကောဝိဒ ဂုဏဝန်ကျောင်းတိုက်၊ မြို့ဦးကွက်သစ်ရပ်ကွက်၊ ငဖဲမြို့နယ်၊ မကွေးတိုင်း။
၃၈။ ဘဒ္ဒန္တဝိသုဒ္ဓ ကံယာတောရကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးမူလွန်ကျောင်း၊ စလေမြို့၊ ချောက်မြို့နယ်၊ မကွေးတိုင်း။
၃၉။ ဘဒ္ဒန္တဝိစိတ္တသာရ ပတ္တပိုဏ်ကျောင်းတိုက်၊ ဖူလုံကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်း။
၄၀။ ဘဒ္ဒန္တတေဇောဘာသ ဓမ္မာလင်္ကာရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ငှက်ပျောတောကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။
၄၁။ ဘဒ္ဒန္တဝရိန္ဒ သရက္ခါရာမရွာကြီးကျောင်းတိုက်၊ ရွာကြားရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။
၄၂။ ဘဒ္ဒန္တတိလောက ဓမ္မဃောသကကျောင်းတိုက် အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။
၄၃။ ဘဒ္ဒန္တပဏ္ဍာဝံသ အောင်ဇမ္ဗူကျောင်းတိုက်၊ ဓမ္မရိပ်သာသီဟလမ်း၊ သီရိမြိုင်ရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၄၄။ ဘဒ္ဒန္တတေဇနိယျ မုန်တိုင်လဲတောရကျောင်းတိုက်၊ မုန်တိုင်ရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်း။
၄၅။ ဘဒ္ဒန္တနရိန္ဒ ကျောင်းကြီးကျောင်း၊ ဓီးတောရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း။
၄၆။ ဘဒ္ဒန္တကုသလ လေသာကျောင်းတိုက် ထီးတော်မိုးရွာ၊ ကြာနီကန်ကျေးရွာ အုပ်စု၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။
၄၇။ ဘဒ္ဒန္တသြသဓပဏ္ဍိတ သစ္စာအောင်မြေကျောင်း၊ မဟာဝိဇိတာရာမတိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။
၄၈။ ဘဒ္ဒန္တဝိလာသ မန်ကျည်းအုပ်စုကျောင်းတိုက်၊ ရွှေစည်တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ အမှတ်(၇)ရပ်ကွက်၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း။
၄၉။ ဘဒ္ဒန္တဉာဏိက ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မေတ္တာကန်၊ ရေလည်ကွေ့သာသနာပြုဌာန၊ ရေလည်ကွေ့ရွာ၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။
၅၀။ ဘဒ္ဒန္တတေဇ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကျောက်စာတိုင်(နတလ)၊ စံပြကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်။
၅၁။ ဘဒ္ဒန္တဓမ္မာဝုဓ ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မောင်ရှင်ကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်။
၅၂။ ဘဒ္ဒန္တပညာဘောဂ အောင်မင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရပ်ကွက်(၄)၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၅၃။ ဘဒ္ဒန္တဥက္ကံသ တာမိုးညဲထေရဝါဒတောင်တန်းသာသနာပြုဌာန၊ ဝေယံဘုံသာကျောင်းတိုက်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၅၄။ ဘဒ္ဒန္တပဏ္ဍိတ မဟာမုနိဗဟိုသာသနာပြုကျောင်း၊ လောက်ကိုင်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၅၅။ ဘဒ္ဒန္တစန္ဒာဝရ ဇေတဝန်ပရိယတ္တိကမ္မဋ္ဌာန်းကျောင်းတိုက်၊ ကျိုင်းဖောင်းကျေးရွာ၊ ယန်းလောအုပ်စု၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၅၆။ ဘဒ္ဒန္တကုမာရ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ဟိုကျင်းကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၅၇။ ဘဒ္ဒန္တဓမ္မပါလ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဂမ်းတောင်းရွာ၊ နားပေါ်အုပ်စု၊ တောင်ပေါ်(၅)အုပ်စု၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၅၈။ ဘဒ္ဒန္တနန္ဒောဘာသ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မိုင်းဖြတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၅၉။ ဘဒ္ဒန္တပညာနန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၆၀။ ဘဒ္ဒန္တပဏ္ဍာဝံသ အမှတ်(၁)ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ လျှမ်းပြည့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မိုင်းရှူးတောင်ပေါ်ဒေသ၊ ဝမ်ကန်ရပ်၊ ရှမ်းပြည်နယ်။
၆၁။ ဘဒ္ဒန္တပိဏ္ဍောလ ရှမ်းကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်း။
၆၂။ ဘဒ္ဒန္တပဏ္ဍိစ္စ သုခိတာရုံညောင်ပင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရေလဲအထက်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း။
၆၃။ ဘဒ္ဒန္တကောသလ္လ လမိုင်းပရိယတ္တိစာသင်တိုက်၊ လမိုင်းကျေးရွာ၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၆၄။ ဒေါ်မေဓာရီ တြိရတနာသီလရှင်စာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၆၅။ ဒေါ်ကုမာစာရီ သာသနာ့ဂုဏ်ရည်သီလရှင်စာသင်တိုက်နှင့် သီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်း၊ နန္ဒင်းကုန်းရပ်ကွက်၊ သဃၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

လှူပုဂ္ဂိုလ်

၆၆။ ဦးမြင့်ဆွေ အမှတ် ၂၈၊ နွံ့နှောရပ်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသောဘိတ မြေဇင်းတောရကျောင်းတိုက်၊ မောင်းထောင်ရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၂။ ဘဒ္ဒန္တကလျာဏ မင်းကွန်းမဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ တရုတ်တန်းရပ်ကွက်၊ ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်း။
၃။ ဘဒ္ဒန္တအာဒိစ္စ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ တောင်ဝိုင်းကလေး၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၄။ ဘဒ္ဒန္တသုမန သဒ္ဓမ္မဝံသမဟာစည်သာသနာ့ရိပ်သာ၊ ဇမ္ဗူအေးကျောင်းတိုက်၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဘဒ္ဒန္တသိရီပညာသာမိ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

စာမျက်နှာ ၇ ကော်လံ ၁

ကျေးလက်စိုက်ပျိုးရေး၊ စီးပွားရေးဖွံ့ဖြိုးရေး၊ နိုင်ငံတော်စိုက်ပျိုးရေးနှင့် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးရေး ကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးစားဆောင်ရွက်

■ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ၊ သင်တန်းကြီးကြပ်သူ အရာရှိများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၊ အမျိုးသားရေးတာဝန်ကိုထမ်းဆောင်ရန် မျိုးဆက်သစ်လူငယ်များဖြင့် အသင်းကြီးကို ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းကြီး စတင်ဖွဲ့စည်းစဉ်ကစပြီး စီမံရေး၊ စည်းရုံးရေး၊ ဖွဲ့စည်းရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရင်း မျိုးဆက်သစ်လူငယ်များကို စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း။

ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးရေး၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာကျွမ်းကျင်မှု အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ပို့ချပေးနေခြင်းဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည် နိုင်ငံတော်၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ကဏ္ဍအသီးသီးက ပါဝင်ဆောင်ရွက်နေရသည်ဖြစ်၍ မြန်မာ့ရေးရာကဏ္ဍနှင့် နိုင်ငံတကာရေးရာကဏ္ဍများ၏ ကျယ်ဝန်းနက်ရှိုင်းမှုများကိုလည်း နှံ့စပ်သိမြင်အောင် ဘက်ပေါင်းစုံ လေ့လာဆည်းပူးပြီး အမျိုးသားရေးစွမ်းရည်ကို မြှင့်တင်နေကြရမည်ဖြစ်ကြောင်း။

ပံ့ပိုးဆောင်ရွက်နေ

နိုင်ငံတော်နှင့်အသင်းကြီးက အားထားရသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်နေခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် ပံ့ပိုးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် နိုင်ငံသမိုင်း၊ အမျိုးသားရေးမူဝါဒ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၌ ဒေသတွင်းနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာခဲ့ကြပြီးဖြစ်ကြောင်း။

ကမ္ဘာ၏ဖြစ်စဉ်များသည် အဘက်ဘက်က ဆက်စပ်ယှက်နွယ် ဖြစ်ပေါ်ပြောင်းလဲနေခြင်းကြောင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၏ အနေအထားကို အရင်းအမြစ်ကျကျလေ့လာပြီး အကြောင်းအကျိုး ပကတိအခြေအနေကို သိရှိနားလည်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို တန်ဖိုးထားဆောင်ရွက်နေကြောင်း၊ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူ ဆက်ဆံရေး၊ အခြားတစ်နိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးမူများကို ခံယူကျင့်သုံးနေကြောင်း၊ နိုင်ငံတကာနှင့် လွတ်လပ်တက်ကြွပြီး အပြုသဘော ဆက်ဆံရေးနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ

နိုင်ငံတော်ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတကာ အခြေအနေကို ကာလသုံးပါးဆက်စပ်ပြီး ဘဝအတွေ့အကြုံဖြင့် ထင်ဟပ်လေ့လာခဲ့၍ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များကို အတိုင်းအတာတစ်ခုထိ သိမြင်နိုင်စွမ်းရှိလာပြီဟု ယုံကြည်ကြောင်း၊ ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အတွေးအခေါ်၊ လုပ်နည်းများနှင့် လက်တွေ့ တာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားကြပါ၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ အရည်အချင်းမြင့်မားနေအောင် စဉ်ဆက်မပြတ် ဆည်းပူးလေ့လာကြပါဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသားများ တစ်ဦးနှင့်တစ်ဦး အေးအတူပူအမျှ နီးနီးကပ်ကပ် နေထိုင်ကြပြီး ခိုင်မြဲသည့် အစဉ်အလာကောင်းများရှိကြောင်း၊ အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုများဖြင့် ချစ်ကြည်စွာနေထိုင်ခဲ့သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံ ရှင်သန်နေကြောင်း။

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်

ကိုလိုနီဘဝ ကျရောက်ခဲ့ခြင်းနှင့် သွေးခွဲအုပ်ချုပ်ခံရခြင်းကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝ နိမ့်ပါးခဲ့ရသည့် အတိတ်သင်ခန်းစာကိုရယူပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါး၏ အခြေခံသည် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏ တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏ တန်ဖိုးများကို နားလည်သဘော

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပေါက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို တန်ဖိုးထား စောင့်ရှောက်ကာကွယ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေး အသိအမြင်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်မည့် စွမ်းအားဖြစ်ကြောင်း။

အလွန်အရေးကြီး

ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အမြဲရှင်သန် ထွန်းကားနေအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ဦးတည်ချက်(၁၂)ရပ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော် ပြည်တွင်းအမျိုးသားစွမ်းအားစုများ၏ စွမ်းပကား၊ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် နေ့မအား ညမနား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်မှု အခြေခံကောင်း၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

တက်ကြွစွာ ပါဝင်ဆောင်ရွက်

နိုင်ငံတော်လူဦးရေ ၇၀ နှုန်းကျော် နေထိုင်သည့် ကျေးလက်ဒေသနေ ပြည်သူများ လူနေမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ ရေရရှိရေး၊ ကျေးလက်စီးပွားရေး တိုးတက်ရေး၊ ပညာရည် တိုးတက်စေရေး၊ ကျန်းမာရေးအဆင့်မြင့်မားရေးနှင့် ကျေးလက်မီးလင်းရေး တို့ကို အသင်းကြီးကတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်တွင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ကျေးလက်အခြေခံ လယ်ယာစိုက်ပျိုးရေးတိုးတက်အောင် ဝိုင်းဝန်းကူညီသွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် စက်မှုလယ်ယာ၌ အသုံးပြုသည့် လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့်အသုံးပြုနိုင်ရေး၊ လောင်စာ အခက်အခဲမရှိရေး၊ ဒီဇယ်အစားထိုး ဇီဝလောင်စာ အသုံးပြုနိုင်ရေး ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်တွင် ရေမြေတောတောင် သဘာဝ အခြေအနေကောင်းများကြောင့် ကြက်ဆူပင်သည် နေရာမရွေး၊ ဒေသမရွေးရှင်သန်နိုင်ပြီး ဇီဝလောင်စာ ထုတ်ယူနိုင်ကြောင်း၊ ကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးပြီး ကြက်ဆူဆီကို ဇီဝလောင်စာအဖြစ် အသုံးပြုကြရမည်ဖြစ်ကြောင်း၊ ပိုလျှံသော ကြက်ဆူကြိတ်ဖတ်များကို ဓာတ်မြေဩဇာအဖြစ် လယ်ယာစိုက်ပျိုးရေးတွင် ပြန်အသုံးပြုနိုင်ကြောင်း၊ ကျေးလက်စိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေး ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီ

နိုင်ငံတော်၏ ဦးတည်ချက် (၁၂) ရပ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော် ပြည်တွင်းအမျိုးသားစွမ်းအားစုများ၏ စွမ်းပကား၊ ပူးပေါင်း ပါဝင်မှုစွမ်းအားဖြင့် နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်။ အေးချမ်းတည်ငြိမ်မှု အခြေခံကောင်း၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီ။

စာမျက်နှာ ၅ မှ

မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သုဇာတ ကုန်းခါးမဟာစည်သာသနာ့ရိပ်သာ၊ ကုန်းခါးရပ်ကွက်၊ ဇန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တ နိပုဏ စမ်းမြသီတာ မဟာစည်သာသနာ့ရိပ်သာ၊ လယ်တီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တ အဂ္ဂသာရ မဟာစည်သာသနာ့ရိပ်သာကျောင်း၊ အောင်မင်္ဂလာရပ်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။
၄။ ဘဒ္ဒန္တ ကောသလ္လ မဟာစည်ဝေဇယန္တာ ဓမ္မရိပ်သာကျောင်း၊ တော်ဝီစံပြ ကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။
၅။ ဘဒ္ဒန္တ ဝါယမ ရွှေလောင်းရွာမ ဓမ္မရိပ်သာကျောင်းတိုက်၊ ရွှေလောင်း ကျေးရွာ၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်း။
၆။ ဘဒ္ဒန္တ ကဝိဓဇ ဓမ္မရံသီ ကမ္ဘောဇဓမ္မရိပ်သာကျောင်းတိုက်၊ ဥသျှာမြို့သစ်၊ (၈)ရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။
၇။ ဘဒ္ဒန္တ အနောပမ ဇေယျမင်္ဂလာခြေတော်ရင်းကျောင်း၊ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။
၈။ ဘဒ္ဒန္တ ဝိစိတ္တ မြရတနာကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၃၂၁)၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၉။ ဘဒ္ဒန္တ ဉာဏောဘာသ သဇင်ရေကျော်ကျောင်း၊ အာသာဝတီကျောင်း တိုက်၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၁၀။ ဘဒ္ဒန္တ စန္ဒာဝရ သုခါပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဘဒ္ဒန္တ ဝိသုဒ္ဓ ဘုရားကြီးကျောင်းတိုက်၊ အစဲကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၂။ ဘဒ္ဒန္တ အာစာရသိက္ခ ကသစ်ဝိုင် အောင်ချမ်းသာဓမ္မရိပ်သာ၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၃။ ဘဒ္ဒန္တ ပညာစက္က အေးမြရိပ်သာ မဟာဗောဓိကျောင်းတိုက်၊ ကြွက်ကျွန်း ကျေးရွာ၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၁၄။ Ven Nanyane Ariyadhamma Maha Nayaka Thero' Nanyane Aranya Senasanaya ကျောင်း၊ သီရိလင်္ကာနိုင်ငံ။

ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ကုလန္ဒောဘာသ အောင်တော်မူ သာသနာ့ရိပ်သာကျောင်း၊ ထိန်ချောင်း ရွာ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်း။
၂။ ဘဒ္ဒန္တ ဇနိန္ဒပ္ပိယ ဗောဓိရိပ်သာကျောင်းတိုက်၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၃။ ဘဒ္ဒန္တ သြဘာသ မဟာစည်သနာ့ရိပ်သာကျောင်းတိုက်၊ ကြာနီကန် ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၄။ ဘဒ္ဒန္တ သြဘာသ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ အမှတ်(၆) ရပ်ကွက်၊ မင်းလှမြို့နယ်၊ မကွေးတိုင်း။
၅။ ဘဒ္ဒန္တ ကုန္ဒာစရိယ မဟာသတိပဋ္ဌာန်သာသနာ့ရိပ်သာ၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်း။
၆။ ဘဒ္ဒန္တ သံဝရ အောင်မင်္ဂလာကျောင်းတိုက်(အကျဉ်းဦးစီးဌာန)၊ အင်းစိန် မြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးချူသန်း အမှတ်၉၉(အက်ဖ်/၁)၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂။ ဦးစိန်တင် အမှတ်၁၁၆(ဒီ)၊ အင်းလျားလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးကျော်မင်း အမှတ်၁၀/ဂ၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးစံငြိမ်း အမှတ်၈၂၀၊ ဝေဇယန္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဦးသန်းနိုင် အမှတ်၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်

၁။ ဦးအောင်ဝင်း အမှတ်၅၅၊ အာဇာနည်လမ်း၊ ကညံုရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။
၂။ ဦးငွေသိမ်း အမှတ်၈၀၊ မြို့မရပ်ကွက်၊ ရန်ကုန်–မန္တလေးလမ်းမ၊ ပဲနွယ်ကုန်းမြို့၊ ပဲခူးတိုင်း။
၃။ ဒေါက်တာဝင်းမြင့် အမှတ်(၃)ရပ်ကွက်၊ ပေါက်ပင်တန်းလမ်း၊ မင်းလှ မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၄။ ဒေါက်တာကျော်စော အမှတ်၁၃၆(ခ)၊ မန္တလေး–လားရှိုးလမ်း၊ (၄) ရပ်ကွက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။
၅။ ဦးလှမြင့် အမှတ်၇၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆။ ဦးသန်းထွန်း အမှတ်၃(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၇။ ဦးရွှေ(ဗန္ဓုလ) အမှတ်၃၇၊ သာယာဝတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၈။ ဦးစိုးဟန်လင်း အမှတ်၂၀၉၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။
၉။ ဦးညွန့်ဌေး အမှတ်၈၃၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၀။ ဦးတင်မောင်(စန္ဒီပရဆေး) အမှတ်၂၃၈/၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဦးစိုးသိန်း အမှတ်၆၂၊ ဧရာဝဏ်လမ်း၊ (၇)ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၁၂။ ဦးနိုင်ဦး(မိဘရိပ်) မိဘရိပ်သစ်စက်၊ အမှတ်၁၊ လှော်ကားလမ်း၊ ၂၀/က ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်း။
၁၃။ ဦးမောင်လှ အမှတ်၄၆၊ ၁၄လမ်း၊ မြို့မ(၇)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း။

သီဟသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးငွေရှိန် အမှတ်၃၉၂၊ အုန်းပင်တန်းရပ်၊ သနပ်ပင်လမ်း၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။
၂။ ဦးတင်မောင်ထွေး (နတ်ရေကန်) အမှတ်၁၇/၂၀၊ ဇမ္ဗူရာဇ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးခင်လှ အမှတ်၂၁(အေ)၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ (၁၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးသန်းဇော် တိုက်(အီး)၊ အခန်း၇၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင် လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးအောင်မွန် တိုက်အမှတ်၂၊ အခန်း၂၀၃၊ ဒုတိယထပ်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်သန်းဌေး အမှတ်၅၀၉၊ လိပ်ပြာကန်ရပ်ကွက်၊ ၁လမ်း၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။
၂။ ဒေါက်တာခင်ခင်စိမ့် မ/၃၉၊ ၅၂လမ်း၊ ၄၂x၄၃လမ်းကြား၊ ရဲမွန်တောင်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

ပြည်ပပုဂ္ဂိုလ်

၃။ မဟာဥပါသိကာဘွန်ကော့ထ်ဆီတိပေါလ်(သိဒ္ဓိပါလ)မယ်တော်ကြီး၊ ဗွန်ကော့ထ် အလုပြင်သင်တန်းကျောင်း(ကျောင်းအုပ်)၊ ကန်ချနပူရီမြို့၊ ထိုင်းနိုင်ငံ။

သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်သန်းသန်းနွဲ့ ကြက်သွန်ခင်း(၁)ရပ်ကွက်၊ ပြည်လမ်း၊ အုတ်တွင်းမြို့၊ ပဲခူးတိုင်း။
၂။ ဒေါ်တင်စိန် အမှတ်၇၅၅၊ ၈၇လမ်း၊ ၂၃ x၂၄လမ်းကြား၊ ဆိုင်းတန်းရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၃။ ဒေါ်ခင်လှ သီရိမာလာအရှေ့၊ အကွက် ၂၀၀၊ ၂၆ x ၈၉ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၄။ ဒေါ်အေးအေးမော်(ခ)ဒေါ်အေးအေးမွန် အမှတ်(မ–၂၄–၃/ဆ)၊ ၆၈ လမ်းနှင့် မိုးသောက်ပန်းလမ်းထောင့်၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြ သာစည်မြို့နယ်၊ မန္တလေးတိုင်း။
၅။ ဒေါ်မြရင် အမှတ် ၆/က၊ အင်းလျားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆။ ဒေါ်ခင်နန်းမွန် အမှတ် ၉၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်တိုင်း။
၇။ ဒေါ်ခင်စန်းကြည်(ခ)ဒေါ်အေးအေးခန့် အမှတ် ၅၊ အောင်သီရိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။
၈။ ဒေါ်အေးအေးသန်း အမှတ် ၃၁၊ မဟာမြိုင်လမ်း၊ ကျွန်းတောအလယ် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၉။ ဒေါ်လှလှနွယ် အမှတ် ၈၇၀(အီး)၊ ကျောင်းလမ်း၊ ၁၀ မိုင်ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၀။ ဒေါ်မီမီစိန် အမှတ် ၂၇၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈ လမ်းထောင့်၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဒေါ်နန်းမောက်လော့ဝ်ဆိုင် အမှတ် ၁၅၄၊ ၁၉ လမ်း(အပေါ်လမ်း)၊ (၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။
၁၂။ ဒေါ်အေးမြင့် အမှတ် ၁၅(ခ)၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်တိုင်း။
၁၃။ ဒေါ်မြတ်မြတ်စိုး အမှတ် ၃၄(အေ)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၄။ ဒေါ်သူဇာမင်း ခြံအမှတ် ၇/၃၊ ခပေါင်းလမ်း၊ မာတင်ရိပ်သာ၊ လှိုင် မြို့နယ်၊ ရန်ကုန်တိုင်း။

သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ဆက်ဆက်ဌေး အမှတ် ၄၆၊ ၁၉ လမ်း၊ ဈေးပိုင်းရပ်ကွက်၊ ပဲခူး မြို့နယ်၊ ပဲခူးတိုင်း။
၂။ ဒေါ်ဖြူဖြူဝင်း မ/၈၁–၂၂(က)၊ ၃၅ လမ်း၊ ရဲမွန်တောင်၊ မဟာ အောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၃။ ဒေါ်ကြူကြူသင်း(ခ)ဒေါ်ကျင်ထို အမှတ် ၄၄၊ ရေတမာလမ်း၊ ဘုရင့် နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဒေါ်သန်းသန်းစိန် အမှတ် ၈(က)၊ စောမဟာလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်မြရွှေ တော်လန်းကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂။ ဒေါ်နုနုငယ် အမှတ် ၈၃၄၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဒေါ်အေးရီ ရုံးကြီးရပ်၊ စည်ပင်သာယာလမ်း၊ ဟင်္သာတမြို့၊ ဧရာဝတီ တိုင်း။

အမိန့်အရ–

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာမျက်နှာ ၆ မှ

မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် အမျိုးသားညီလာခံကို ကျင်းပနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး တက်တက်ကြွကြွ ဆောင်ရွက်နေကြကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေးသည် အဓိကအရေးကြီးခြင်းကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏တာဝန်ဟု ခံယူကြိုးပမ်းနေရမည် ဖြစ်ကြောင်း။

စစ်မှန်သောလူထုညီလာခံကြီး

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပြည်သူကိုကိုယ်စားပြုသည့် လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားစုံပါဝင်ပြီး အစုအဖွဲ့အစည်းအဝေးများ၊ စုံညီအစည်းအဝေးများ၌ ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ် ဆွေးနွေးကြပြီး ဆန္ဒကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တင်ပြ ညှိနှိုင်းတိုင်ပင်နေသည့် စစ်မှန်သော လူထုညီလာခံကြီးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ အခြေခံရမည့်မူများ၊ အနှစ်သာရများကို ညှိနှိုင်းဆွေးနွေး ချမှတ်နေပြီ ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်ခြင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်မည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်မှ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်မှ ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံသည့် အေးချမ်းတည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ခိုင်မာတောင့်တင်းခြင်းများ ရရှိမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်ရေးသည် အခြေခံအကျဆုံး၊ အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ရေးကို အမျိုးသားရေးအသိဖြင့် ကြိုဆိုထောက်ခံအားပေးပါဝင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကြိုဆိုထောက်ခံ

နိုင်ငံတစ်ဝန်းလုံး အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသည့် အထိမ်းအမှတ်အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ အလှူငွေပေးအပ်ပွဲများ၊ လုပ်အားပေးပွဲများ၊ သွေးလှူဒါန်းပွဲများ ကျင်းပနေကြကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်၊ အရန်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုကြီးက အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံ ပူးပေါင်းပါဝင်ကြောင်း ထုတ်ဖော်ပြသနေခြင်းလည်း ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **ပြည်သူကိုကိုယ်စားပြုသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်း၊ ဦးဆောင်ဦးရွက်ကောင်းသည့် အခွင့်အလမ်းကောင်းများကိုရယူပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ကြပါ၊**
- **တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်များ၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြား ထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူရင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ ၂၀၇ဦး တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ် ပြာသိုလဆန်း ၈ ရက် (ဥပုသ်နေ့)
၆–၁–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၂၀ ၈။ ကျောက်တလုံး ရေကူ ရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ English for Everyday Use
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တေးဂီတအစီအစဉ်
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅ ၆။ အကပြိုင်ပွဲ
၁၇း၂၅ ၇။ **"လှေကားသုံးထစ်ဆင်းတဲ့အခါ"** (အရိုင်း၊ မင်းသူ၊ အေးသီတာ) ဒါရိုက်တာ–သိန်းတန်(ဖီးနစ်)
၁၇း၃၀ ၈။ တေးဂီတအစီအစဉ်
၁၇း၄၅ ၉။ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ ဓမ္မစကြာဝတ်အသင်း၏ ဓမ္မစကြာဒေသနာတော် အမေးအဖြေ
၁၇း၅၀ ၁၀။ The Great Voyeges of Zheng He
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၁၅ ၁၄။ နှောင်းခေတ်တေးပဒေသာ
၁၉း၃၀ ၁၅။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု **"မြန်မာ့အားမာန်ဆည်တမံ"**
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ရုပ်မြင်သံကြားဇာတ်လမ်း **"ရအောင်ယူ မြဲအောင်ထိန်း"** (ထွန်းထွန်းဝင်း၊ ညီညီနေနိုင်၊ ဆုမြတ်ရွှေစင်၊ သူသူဟံသာ) ဒါရိုက်တာ–သက်တင်
၂၀။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၃)

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးချမှတ်ပေးလျက် ရှိနေပါသည်။ အဆိုပါ အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂတ် နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည် ဖြစ်ပါသည်။ ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသားညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ယနေ့မြန်မာနိုင်ငံ၌ မရှိမဖြစ် လိုအပ်ချက်တစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းလာရေးပင်ဖြစ်သည်။ သို့ဖြစ်၍ အမျိုးသားညီလာခံကြီးကို ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများနှင့်အသေးစိတ် အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးအတည်ပြုချမှတ်ပေးလျက်ရှိနေပါသည်။

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများတွင် နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများလည်း ပါဝင်ပါသည်။ နိုင်ငံတော်၏ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများမှာ–

"နိုင်ငံတော်သည်–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

(၄) စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊

(၅) နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊

(၆) နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်"

ဟူ၍ဖြစ်ပါသည်။

အဆိုပါဦးတည်ချက်(၆)ရပ်တွင် ပါဝင်နေသည့် **"နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး"** ဟူသောအချက်ကို ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အုပ်စုများက ဆန့်ကျင်ကန့်ကွက်ဝေဖန်လျက်ရှိကြောင်းကြားသိရပါသည်။ ၎င်းတို့က နိုင်ငံရေးတွင် တပ်မတော်က ပါဝင်ခြင်းသည် ဒီမိုကရေစီနည်းလမ်းမကျကြောင်း ယေဘုယျသဘောကို ကိုင်စွဲကာ စွပ်စွဲပုတ်ခတ်နေကြပါသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ သမိုင်းကြောင်းအခြေခံ အချက်အလက်များ၊ နိုင်ငံတော်၏လက်ရှိပကတိအနေအထား၊ ကမ္ဘာ့နိုင်ငံအချို့၏ လက်တွေ့ကျင့်သုံးနေမှုများနှင့်ဆက်စပ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ သိရှိနိုင်ကြရန်အတွက် မေးမြန်းဆွေးနွေးလေ့လာသိရှိရသမျှ ပြန်လည်တင်ပြလိုက်ရပါသည်။

စိုးမြကျော် ။ ။ နိုင်ငံတော်ရဲ့ ဦးတည်ချက်(၆)ရပ်ထဲက အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုတဲ့အချက်ကို တချို့က ဆန့်ကျင်ကန့်ကွက်နေကြတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

ကြီးကြီးမြ ။ ။ ဒိုးဒိုးဒေါက်ဒေါက်နဲ့ လိုရင်းတိုရှင်းပြောရရင်တော့ မြန်မာနိုင်ငံမှာ အရေးကြုံတိုင်း ပြည်သူဘက်က မားမားမတ်မတ်ရပ်တည်ကာကွယ်ပေးနေတဲ့ တပ်မတော်ကို ပထုတ်ပြီး နယ်ချဲ့လက်သစ်နဲ့ သူတို့ရဲ့လက်ဝေခံတွေ ကြိုက်သလို ခြယ်လှယ်ကြိုးကိုင်နိုင်ဖို့ အကွက်ချ ဖန်တီးနေကြတာလို့ပဲ ပြောလိုက်ချင်ပါတယ်။

ဘကြီးစိုး ။ ။ အဓိက အကြောင်းရင်းကတော့ အဲဒီအတိုင်းပါပဲ။ အကြောင်းတရားများပေါင်းဆုံမှ အကျိုးတရားဖြစ်ထွန်းလာတယ်ဆိုတဲ့ နိယာမအတိုင်း တပ်မတော်က အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ ဘာဖြစ်လို့ ပါဝင်ထမ်းဆောင်ဖို့ လိုအပ်လာသလဲ ဆိုတာကို ဘကြီးတို့ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြည့်ကြရအောင်။

စိုးမြကျော် ။ ။ ဟုတ်ကဲ့ပါ ဘကြီး၊ **သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးဆိုတဲ့ အမျိုးသားနိုင်ငံရေးဦးတည်ချက်နဲ့အညီ တပ်မတော်ကို မျိုးချစ်နိုင်ငံရေးသမားတွေနဲ့ စတင်ဖွဲ့စည်းခဲ့တာဖြစ်တယ်။ တပ်မတော်သားတွေဟာ အမျိုးသားနိုင်ငံရေးသမားဘဝကနေ တပ်မတော်သားဘဝကို ပြောင်းလဲခံယူလာတဲ့သူတွေဖြစ်တာမို့ တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးက ပေါက်ဖွားလာတဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်ဆိုတာ သမိုင်းမှာ သက်သေထင်ရှားရှိထားပြီးဖြစ်ပါတယ်။**

ကြီးကြီးမြ ။ ။ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်အင်အားရှိအောင် အရာရာမှာကူညီ"ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ ပြည်သူလူထုကပါ တပ်မတော်နဲ့ တစ်သားတည်းရပ်တည်ခဲ့ကြရာမှာ ကြီးကြီးတို့ ကိုယ်တိုင်ကိုယ်တွေ့မျက်မြင်ပါဝင်ခဲ့ရတာမို့ ပြောရင်းနဲ့တောင် ကြက်သီးတဖြန်းဖြန်း ထမိပါရဲ့ကွယ်။

ဘကြီးစိုး ။ ။ အမျိုးသားနိုင်ငံရေးက ပေါက်ဖွားလာတဲ့တပ်မတော်ကို ပြိုကွဲအောင် အမျိုးမျိုးကြံစည်ပြီး အကြိမ်ကြိမ် လုပ်ဆောင်ခဲ့ကြတယ်။ မြန်မာနိုင်ငံကို ကျွန်သက်ရှည်စေချင်သူတွေ၊ သြဇာခံ အခြေအနေနိုင်ငံအဖြစ် သွတ်သွင်းချင်သူတွေ၊ သခင်အားရ ကျွန်ပါးဝလုပ်ချင်သူတွေနဲ့ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားတဲ့ အမျိုးသားသစ္စာဖောက်တွေက ဒို့တပ်မတော်ကြီး အင်အားခိုင်မာတောင့်တင်းပြီး တိုင်းရင်းသားပြည်သူတွေနဲ့ တစ်သွေးတည်း တစ်သားတည်း ရှိနေတာကို လုံးဝမလိုလားကြဘူးလေ။

စိုးမြကျော် ။ ။ မှန်ပါတယ်ဘကြီး၊ ဖက်ဆစ်ခေတ်၊ နယ်ချဲ့ခေတ်နဲ့ ပါလီမန်ဒီမိုကရေစီခေတ်တွေမှာသာမက ယနေ့ထက်တိုင်အောင် တပ်မတော်ကိုဖြိုခွဲဖို့ ကြံစည်ကြိုးပမ်းနေကြတာတွေကို သတိထားပြီး ဖယ်ရှားကြရမှာပဲ ဖြစ်ပါတယ်။

ကြီးကြီးမြ ။ ။ ပါတီစုံဒီမိုကရေစီခေတ်ကာလ ၁၉၅၈ခုနှစ် နိုင်ငံရေးပါတီတွေ အကွဲအပြဲမှာ ဘယ်သူ့ဘက်မှမလိုက်ဘဲ ပြည်သူဘက်က မားမားမတ်မတ် ရပ်တည်ပေးခဲ့တဲ့ တပ်မတော်ကို ဖျက်သိမ်းပြီး ခါးပိုက်ဆောင်တပ်တွေနဲ့ အစားထိုးဖို့ ကြံစည်ခဲ့ကြသေးတယ်ကွယ့်။

ဘကြီးစိုး ။ ။ မျက်မှောက်ခေတ်မှာ ဒို့တပ်မတော်က နိုင်ငံတော်အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ဘက်စုံ ကဏ္ဍစုံကနေ အားသွန်ခွန်စိုက် လမ်းခင်းဖော်ဆောင်ပေးနေတာကို ပြည်ပအားကိုးအဆိုးမြင်ဝါဒီတွေက မနာလိုမရှုဆိတ်ဖြစ်ပြီး တပ်မတော်ပြိုကွဲမှ သူတို့ အာဏာရမယ်ဆိုတဲ့ အကြံနဲ့ တပ်မတော်အင်အား ချည့်နဲ့အောင်၊ ပြိုကွဲအောင် လုပ်ဆောင်နေကြတုန်းပဲလေ။

စိုးမြကျော် ။ ။ မြန်မာ့သမိုင်းကို ပြန်ကြည့်တဲ့အခါမှာ တစ်ချိန်က လွတ်လပ်ရေးသည် အဓိကဆိုပြီး အမျိုးသားနိုင်ငံရေးအတွက် သေတူရှင်ဖက် လက်တွဲခဲ့ကြတဲ့ သွေးသောက်ရဲဘော်တွေဟာ ပါတီနိုင်ငံရေးအစွဲတွေ ဝင်လာတဲ့အခါမှာ အယူဝါဒတွေကွဲပြားပြီး အချင်းချင်း ပြန်လည်တိုက်ခိုက်ကြတဲ့အတွက် သမိုင်းဇာတ်သိမ်းမလှ ဖြစ်ခဲ့ကြတယ်နော်။

ဘကြီးစိုး ။ ။ **ပါတီစုံဒီမိုကရေစီခေတ်မှာ အစိုးရတစ်ဖွဲ့နဲ့တစ်ဖွဲ့ဟာ အယူဝါဒသဘောတရားတွေ ကွဲပြားကောင်း ကွဲပြားနိုင်တယ်။ တပ်မတော်ကတော့ အယူဝါဒကွဲပြားလို့မရဘူး။ တပ်မတော်ဟာ ပြည်သူလူထုနဲ့တစ်သားတည်းရှိနေပြီး တက်လာတဲ့ အစိုးရတိုင်းနဲ့ လက်တွဲ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်တယ်။ နိုင်ငံတော် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ ညီညွတ်မှုစွမ်းပကားအောင်ပွဲတွေကို နိုင်ငံနဲ့လူမျိုးအကျိုးအတွက် အနာဂတ်မှာလည်း ဆက်လက်ဖော်ဆောင်သွားကြရမှာဖြစ်တယ်ကွယ့်။**

စိုးမြကျော် ။ ။ မှန်ပါတယ်ဘကြီး၊ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော် အနေနဲ့ လွတ်လပ်ရေးပြန်ရဖို့ ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရသလို လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ မဆုံးရှုံးရအောင် ထိန်းသိမ်းခဲ့ရာမှာလည်း ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးရတော့မယ့် အန္တရာယ်ကာလကြီး လေးရပ်နဲ့ တွေ့ကြုံခဲ့ရသေးတယ် မဟုတ်လား။

ဘကြီးစိုး ။ ။ ဟုတ်တယ်ကွယ့်၊ **ပထမဆုံးကြုံတွေ့ရတဲ့ အကျပ်အတည်းကြီးကတော့ ၁၉၄၈–၄၉မှာ ပေါ်ပေါက်ခဲ့တဲ့ ပြည်တွင်းရောင်စုံသောင်းကျန်းမှုအန္တရာယ်ပဲပေါ့။**

ကြီးကြီးမြ ။ ။ **သူ့ကျွန်ဘဝမှာ နယ်ချဲ့ရဲ့ သွေးခွဲမှု ပယောဂကြောင့် ပေါ်ပေါက်လာတဲ့ လူမျိုးရေးအခြေခံသောင်းကျန်းသူတွေနဲ့ နိုင်ငံရေးဝါဒစွဲ အခြေခံ သောင်းကျန်းသူတွေကြောင့် လွတ်လပ်ရေးရခါစ နိုင်ငံတော်ဟာ ရန်ကုန်အစိုးရလို့ အခေါ်ခံရတဲ့အထိ ဖရိုဖရဲနဲ့ပြိုကွဲတော့မယ့် အခြေအနေဆိုက်ရောက်ခဲ့ရတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ သစ္စာကို စောင့်သိရှိသေတဲ့ တပ်မတော်က တစ်နိုင်ငံလုံး အေးချမ်းသာယာအောင် စွမ်းဆောင်ခဲ့ရတယ်။ တစ်ဆက်တည်းမှာပဲ တရုတ်ဖြူကူမင်တန်တပ်တွေရဲ့ ပြည်ပကျူးကျော်မှုအန္တရာယ်ကိုပါ တွန်းလှန်ခဲ့ရတယ်။**

ဘကြီးစိုး ။ ။ ဒုတိယအကျပ်အတည်းကတော့ ၁၉၅၈ခုနှစ်မှာ ကြုံတွေ့ရတဲ့ ပါတီနိုင်ငံရေးသမားတွေရဲ့ အကွဲအပြဲ ဇာတ်လမ်းပဲ **ဖြစ်တယ်။ အာဏာရနိုင်ငံရေးပါတီအတွင်းမှာ နိုင်ငံတော်အတွက် အန္တရာယ်ဖြစ်လောက်တဲ့အထိ ပဋိပက္ခတွေ ကြီးမားခဲ့တယ်။ တချို့နိုင်ငံရေး သမားတွေက ခါးပိုက်ဆောင်တပ်တွေကို ခိုးကြောင်ခိုးဝှက်နဲ့ လက်နက်တပ်ဆင်ပြီး ပုန်ကန်ဖို့ ကြံရွယ်ခဲ့ကြတယ်။ တချို့က မြေအောက်သောင်းကျန်းသူတွေနဲ့ပူးပေါင်းဖို့ ကြံစည်ခဲ့တယ်။ ပါတီနိုင်ငံရေး အကွဲအပြဲကြောင့် ပြည်သူတွေကြားမှာလည်း စိတ်ဝမ်းကွဲပြားခဲ့ရတယ်။ တစ်နိုင်ငံလုံး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပြီး သွေးချောင်းစီးမယ့် အန္တရာယ်ဆိုးနဲ့ ရင်ဆိုင်ခဲ့ရတာမို့ တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူပြီး နိုင်ငံတော်တည်ငြိမ်ကြံ့ခိုင်အောင် အချိန်တိုအတွင်း ဆောင်ရွက်ပေးခဲ့ရတယ်။**

စိုးမြကျော် ။ ။ ဒါတွေဟာ သမိုင်းပေးတာဝန်အရ တပ်မတော်က နိုင်ငံတော်နဲ့ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရင်း အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ ထိုက်ထိုက်တန်တန် ပါဝင်ထမ်းဆောင်ခဲ့ရတဲ့ သာဓကတွေပဲနော်။

ဘကြီးစိုး ။ ။ **မှန်တယ်ကွယ့်၊ တတိယအကြိမ် အကျပ်အတည်းကိုတော့ ၁၉၆၂ ခုနှစ်မှာ ကြုံတွေ့ခဲ့ရတာပဲဖြစ်တယ်။ လွတ်လပ်ရေးမရမီ ရေးဆွဲခဲ့ရတဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ အားနည်းချက်ကို လူမျိုးရေးအမြင်ကျဉ်းမြောင်းသူတချို့က အခွင့်ကောင်းယူပြီး ခွဲထွက်ဖို့ ကြိုးစားလာကြတယ်။ ပြည်ထောင်စုပြိုကွဲတော့မယ့် အခြေအနေကို အာဏာရ နိုင်ငံရေးပါတီနဲ့ အစိုးရက မထိန်းနိုင်တော့ဘူး။ ဒါကြောင့် တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြန်တယ်။**

ကြီးကြီးမြ ။ ။ **စတုတ္ထအကြိမ် အကျပ်အတည်းကတော့ မောင်ကျော်တို့ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့တဲ့ ၁၉၈၈ ခုနှစ် အရေးအခင်းပါပဲ။ မြေပေါ်မြေအောက်၊ လက်ဝဲလက်ယာ၊ပြည်တွင်းပြည်ပ ပယောဂမျိုးစုံကြောင့် နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းသွားပြီး တိုင်းပြည်ပျက်လုခမန်း ဖြစ်ခဲ့တယ်။ အချုပ်အခြာ အာဏာလက်လွတ်ဆုံးရှုံးရလုဆဲဆဲမှာ တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ရယူခဲ့ရပြန်တယ်။**

စိုးမြကျော် ။ ။ ၁၉၈၈အရေးအခင်းကို မျက်မြင်ကိုယ်တွေ့မို့ တိုင်းပြည်ဖရိုဖရဲ ပြိုကွဲပျက်စီးမယ့်အရေးမျိုးနဲ့ ထပ်မံ မကြုံစေလိုတာ အမှန်ပါပဲ။

ဘကြီးစိုး ။ ။ ဒီကနေ့နိုင်ငံတကာအခြေအနေကိုကြည့်ရင် အင်အားကြီးနိုင်ငံအချို့ဟာ အခြားနိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ဖို့ ကြိုးပမ်းနေတာ တွေ့ရလိမ့်မယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်လွှမ်းမိုးခြယ်လှယ်နိုင်ဖို့ အဲဒီနိုင်ငံအတွင်းက တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် မသမာတဲ့ သတင်းဖြန့်ချိရေးနည်းလမ်းတွေနဲ့ လှုံ့ဆော်လေ့ရှိကြတယ်။ နိုင်ငံအတွင်း အချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲစပြုလာပြီဆိုရင် လူကြားကောင်းအောင် အကြောင်းအမျိုးမျိုးပြပြီး စစ်ရေးအရ ဝင်ရောက်ကျူးကျော်တတ်ကြတယ်။ ၂၁ရာစုရဲ့ အဲဒီ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်နိုင်ရေးဟာ ဒို့ပြည်သူနဲ့ ဒို့တပ်မတော်ရဲ့ အနာဂတ်ရည်မှန်းချက်ပဲဖြစ်တယ်။

ကြီးကြီးမြ ။ ။ နိုင်ငံရေးအရ သွေးကွဲမှုတွေ၊ လူမျိုးရေးအရ စိတ်ဝမ်းကွဲမှုတွေကြောင့် အချင်းချင်းလက်နက်ကိုင် ပဋိပက္ခတွေဖြစ်ပွားခဲ့ရတဲ့ ဒို့နိုင်ငံမှာ အတိတ်သမိုင်းတုန်းကလည်း တပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်တွေ ဝင်ရောက်ထမ်းဆောင်ခဲ့ရသလို လက်ရှိပစ္စုပ္ပန်ကာလအခြေအနေအရပ်ရပ်ကြောင့်လည်း အမျိုးသားနိုင်ငံရေးတာဝန်တွေကို ဆက်လက်ထမ်းဆောင်နေရတာပဲ ဖြစ်တယ်။

ဘကြီးစိုး ။ ။ နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေမြင့်မားအောင် တပ်မတော်က အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပေးနေတာ ပေါ်လွင်

ပြည်သူ့လွှတ်တော်မှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ကို တပ်မတော်သားကိုယ်စားလှယ် ၁၁၀က ဒီမိုကရေစီသဘောအရ ဘယ်လိုမှလွှမ်းမိုးမှု ပြုနိုင်မှာမဟုတ်ပါဘူး။ အမျိုးသားလွှတ်တော်မှာလည်း ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ် ၁၆၈ဦးကို တပ်မတော်သားကိုယ်စားလှယ် ၅၆ဦးက ဒီမိုကရေစီသဘောအရ ဘယ်လိုမှ လွှမ်းမိုးမှုပြုနိုင်မှာမဟုတ်ပါဘူး။ လွှမ်းမိုးနိုင်တဲ့ အရေအတွက်မဟုတ်ဘဲ ထိန်းညှိနိုင်တဲ့အရေအတွက်နဲ့သာ ပါဝင်နေတာတွေ့ရပါတယ်။

င်း(၃)

စိုးမြကျော်

ထင်ရှားလှပါတယ်။ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံ့တာဝန်ကို လွှဲပြောင်းပေးတဲ့အခါမှာ နောင်တက်လာမယ့် အစိုးရအနေနဲ့ တည်ငြိမ်အေးချမ်းပြီး အခြေအနေကောင်းတွေ ရရှိဖြစ်ထွန်းနေတဲ့ နိုင်ငံတော်ကို တည့်တည့်မတ်မတ်နဲ့ ဆက်လက်ဦးဆောင်သွားနိုင်အောင် မနားတမ်းကြိုးပမ်းဆောင်ရွက်ပေးနေတာဟာ လက်ကမ်းကြိုဆိုရမယ့် လုပ်ရပ်ပဲ မဟုတ်လား။

စိုးမြကျော် ။ ။ သဘောပေါက်ပါပြီ ဘကြီး၊ **အမျိုးသားနိုင်ငံရေးဟာ ပင်မအခြေခံဖြစ်ပြီး တိုင်းပြည်ရဲ့ ရေရှည်အကျိုးစီးပွားကို ဖြစ်စေတယ်။ တပ်မတော်က ပါတီနိုင်ငံရေးနဲ့သွားနေတာ မဟုတ်ဘဲ အမျိုးသားနိုင်ငံရေးနဲ့ ချီတက်နေတာဖြစ်လို့ အမျိုးသားရေး အကျိုးစီးပွားကို လိုလားသူတိုင်းက သဘောကျကြမှာ သေချာပါတယ်။**

ဘကြီးစိုး ။ ။ ဒါကြောင့်မို့ အနာဂတ်နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်ပါဝင်ထမ်းဆောင်နိုင်ရေးဟာ ဒို့နိုင်ငံရဲ့ သမိုင်းနောက်ခံ၊ လက်ရှိအနေအထား၊ ပကတိအခြေအနေတွေနဲ့ ကိုက်ညီမနေဘူးလားကွယ်။

စိုးမြကျော် ။ ။ ကိုက်ညီပါတယ်ဘကြီး၊ ဒါပေမယ့် ပြည်တွင်းပြည်ပ အဖျက်သမားတွေကတော့ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုအဖွဲ့တွေမှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်နေမှုဟာ ဒီမိုကရေစီ နည်းလမ်းမကျဘူးလို့ မီဒီယာမျိုးစုံကနေ အသံကောင်းဟစ်ပြီး ပြည်သူကိုသွေးထိုးနေကြတယ်လေ။

ဘကြီးစိုး ။ ။ သေသေချာချာဆန်းစစ်ကြည့်ရင် **တပ်မတော်ပါဝင်တာဟာ ဒီမိုကရေစီကျတယ်ဆိုတာကို တွေ့နိုင်ပါတယ်ကွယ်။ ဘာကြောင့် ဒီမိုကရေစီကျတယ်ဆိုတာ ဘကြီးဆက်ရှင်းပြမယ်၊ မောင်ကျော်တို့ သိပြီးသားဖြစ်တဲ့အတိုင်း ပြည်သူ့လွှတ်တော်မှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်က ၃၃၀ပါဝင်ပြီး တပ်မတော်သား ကိုယ်စားလှယ်က ၁၁၀ ပါဝင်မှာ ဖြစ်တယ်။ အလားတူပဲ အမျိုးသားလွှတ်တော်မှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ် ၁၆၈ဦးနဲ့ တပ်မတော်သားကိုယ်စားလှယ် ၅၆ဦး ပါဝင်မှာဖြစ်တယ်။ အလားတူပဲ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်တွေမှာလည်း ရွေးကောက်တင်မြှောက်တဲ့ကိုယ်စားလှယ်တွေနဲ့ ၎င်းတို့ရဲ့ သုံးပုံတစ်ပုံနဲ့ ညီမျှတဲ့ တပ်မတော်သားကိုယ်စားလှယ်တွေ ပါဝင်မှာဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေမှာလည်း ဦးစီးအဖွဲ့ဝင် စုစုပေါင်းရဲ့ လေးပုံတစ်ပုံဟာ တပ်မတော်သားကိုယ်စားလှယ်တွေပါဝင်မှာဖြစ်တယ်။**

ကြီးကြီးမြ ။ ။ ဒီလိုပါဝင်တာဟာ နိုင်ငံတော်ရဲ့ ဥပဒေပြုအဖွဲ့အဆင့်ဆင့်ဖြစ်တဲ့ လွှတ်တော်အသီးသီးမှာ နိုင်ငံနဲ့လူမျိုးအကျိုးကို ရှေးရှုပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှု ပြုသွားနိုင်ဖို့ ပါဝင်ဖွဲ့စည်းရတာပဲ ဖြစ်တယ်ကွယ့်။

စိုးမြကျော် ။ ။ မှန်ပါတယ်ကြီးကြီး၊ **ပါဝင်မှု အချိုးအစားကလည်း ကိုယ်စားလှယ်အားလုံးရဲ့ လေးပုံတစ်ပုံ တစ်နည်းပြောရရင် အရွေးချယ်ခံကိုယ်စားလှယ်အားလုံးရဲ့ သုံးပုံ တစ်ပုံသာဖြစ်လို့ ဘယ်လိုမှ လွှမ်းမိုးမှု မပြုနိုင်ဘဲ အချင်းချင်း အပြန်အလှန် ထိန်းညှိမှုသာပြုနိုင်တဲ့ အခြေအနေဆိုတာ ရှင်းရှင်းလင်းလင်း မြင်နိုင်ပါတယ်။**

ဘကြီးစိုး ။ ။ တကယ်တော့ ပြည်တွင်းပြည်ပ အဖျက်သမားတွေက အဲဒီလို တပ်မတော်သားကိုယ်စားလှယ်တွေပါဝင်ဖွဲ့စည်းမှုကြောင့် သူတို့ထင်ရာစိုင်းလို့မရနိုင်တော့မှာကို ကြိုတွေးပြီး ဒီမိုကရေစီနည်းလမ်းမကျဘူးဆိုတဲ့စကားလုံးနဲ့ ကိုင်ပေါက်နေကြတာသာ ဖြစ်ပါတယ်ကွယ်။

စိုးမြကျော် ။ ။ အဲဒီ အဖျက်သမားတွေကတော့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုပြီး အရာရာကို ကမ္ဘာကြီးနဲ့ ကိုင်ပေါက်လိုက်မယ်၊ ဒီမိုကရေစီနဲ့ ကိုင်ပေါက်လိုက်မယ်၊ လူ့အခွင့်အရေးနဲ့ ကိုင်ပေါက်လိုက်မယ် တကဲကဲလုပ်နေတုန်းပဲနော်။

ဘကြီးစိုး ။ ။ **ဒီနေရာမှာ တပ်မတော်ပါဝင်တာဟာ ဒီမိုကရေစီနည်းလမ်း မကျဘူးဆိုတာကို ဘာပေတံနဲ့တိုင်းပြီး ပြောတာလဲလို့ သူတို့ကိုမေးရမယ်။ အမှန်ကတော့ ဒီမိုကရေစီနည်းလမ်း ကျမကျဆိုတာဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို ထိခိုက်သလား၊ မထိခိုက်ဘူးလားဆိုတဲ့ ပေတံနဲ့ပဲ တိုင်းရ မှာဖြစ်တယ်။ အဲဒီပေတံနဲ့ တိုင်းကြည့်ရင် လွှတ်တော်အဆင့်ဆင့်မှာတင်သွင်းတဲ့ ဥပဒေမှန်သမျှကို အများစုရဲ့ ဆန္ဒနဲ့အညီ ဆုံးဖြတ် အတည်ပြုရမှာဖြစ်လို့ ဒီလို တပ်မတော်သားတွေ ပါဝင်နေတာဟာ ဒီမိုကရေစီ အနှစ်သာရကို မထိခိုက်ဘဲ ဒီမိုကရေစီအနှစ်သာရ အပြည့်အဝ ရှိနေတယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။**

စိုးမြကျော် ။ ။ မှန်ပါတယ်ခင်ဗျာ၊ **ပြည်သူ့လွှတ်တော်မှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ကို တပ်မတော်သား ကိုယ်စားလှယ် ၁၁၀က ဒီမိုကရေစီသဘောအရ ဘယ်လိုမှ လွှမ်းမိုးမှုပြုနိုင်မှာ မဟုတ်ပါဘူး။ အမျိုးသားလွှတ်တော်မှာလည်း ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ် ၁၆၈ဦးကို တပ်မတော်သားကိုယ်စားလှယ် ၅၆ဦးက ဒီမိုကရေစီသဘောအရ ဘယ်လိုမှ လွှမ်းမိုးမှုပြုနိုင်မှာ မဟုတ်ပါဘူး။ လွှမ်းမိုးနိုင်တဲ့ အရေအတွက်မဟုတ်ဘဲ ထိန်းညှိ နိုင်တဲ့ အရေအတွက်နဲ့သာ ပါဝင်နေတာတွေ့ရပါတယ်။**

ကြီးကြီးမြ ။ ။ မှန်တာပေါ့ မောင်ကျော်ရယ်၊ **ပြည်ထောင်စုလွှတ်တော်မှာလည်း ရွေးကောက်တင်မြှောက်တဲ့ကိုယ်စားလှယ်ပေါင်းက ၄၉၈ ဦး၊ တပ်မတော်သားကိုယ်စားလှယ်က ၁၆၆ဦးပဲ ပါဝင်နေတာမို့ ဒီမိုကရေစီသဘောအရ ဘယ်လိုမှ မလွှမ်းမိုးနိုင်ဘဲ ထိန်းညှိပေးဖို့သာ ဖြစ်တယ်ဆိုတာ ထင်ရှားနေတယ်ကွယ့်။**

ဘကြီးစိုး ။ ။ ဒါကြောင့် ဒီလိုပါဝင်နေမှုဟာ ဒီမိုကရေစီရဲ့အနှစ်သာရကို ထိခိုက်မှု မရှိတဲ့အတွက် ဒီမိုကရေစီကျတယ်လို့ ဆိုရမယ်။ ဒို့မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်းမှာ ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရတဲ့ ခါးသီးတဲ့အဖြစ်မျိုးတွေ ထပ်မံဖြစ်ပေါ်မလာအောင် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး၊ ထိန်းညှိနိုင်ရေးနဲ့ အမျိုးသားအကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်နိုင်ရေး အတွက်သာ ပါဝင်နေရတာဖြစ်တယ်။ ဒါ့ကြောင့် ဒီလိုပါဝင်တာဟာ ဒီမိုကရေစီကျရုံတင်မကဘူး အတိတ်သမိုင်းနဲ့ရော၊ ပစ္စုပ္ပန်အခြေအနေတွေနဲ့ပါ ကိုက်ညီပြီး ဒီမိုကရေစီ အနှစ်သာရနဲ့ ပြည့်ဝနေတယ်လို့ ဘကြီးတော့ မြင်တယ်ကွယ့်။

ကြီးကြီးမြ ။ ။ မင်းဘကြီးရှင်းပြတာအပြင် ကြီးကြီးက ဖြည့်စွက်ရှင်းပြချင်ပါသေးတယ်။ တပ်မတော်သားတွေဟာ နှစ်ပေါင်း ၆၀ကျော်အတွင်း စစ်ရေးတာဝန်ကိုသာမက နိုင်ငံရဲ့ လိုအပ်ချက်ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတာဝန်တွေကိုပါ ခေတ်အဆက်ဆက် တွဲဖက်ထမ်းဆောင်ခဲ့ရလို့ အတွေ့အကြုံတွေ အများကြီးရှိထားတယ်။ အဲဒီအတွေ့အကြုံတွေဟာ ကြီးကြီးတို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေပဲ မဟုတ်ဘူးလား။ ဒီလူ့စွမ်းအားအရင်းအမြစ်တွေကို အမျိုးသားအကျိုးစီးပွားအတွက် အသုံးပြုရမှာပဲ မဟုတ်လား။

စိုးမြကျော် ။ ။ မှန်ပါတယ်ခင်ဗျာ၊ **နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်အားလုံးကို ပေါင်းရုံးစုစည်းအသုံးချနိုင်မှ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး အနာဂတ်နိုင်ငံတော် ထွန်းကားတိုးတက်အောင် ပခုံးနဲ့ ထမ်းတင်ကြရာမှာ ဒီမိုကရေစီအနှစ်သာရကိုလည်း မထိခိုက်အောင်၊ ညှိနှိုင်းထိန်းသိမ်းနိုင်မှုလည်း ရှိအောင်၊ အင်တိုက် အားတိုက်လည်း ဆောင်ရွက်နိုင်အောင် တပ်မတော်က ပါဝင်ထမ်းဆောင်သွားမှာဖြစ်လို့ တိုင်းကျိုးပြည်ပြု စိတ်ထားရှိသူတိုင်းက လိုလား နှစ်သက်ကြမှာ အမှန်ပါပဲ။**

ကြီးကြီးမြ ။ ။ ဒါနဲ့ကိုစိုးရေ၊ **ကျွန်မတို့နိုင်ငံမှာတင်မဟုတ်ဘဲ အခြားကမ္ဘာ့ နိုင်ငံတော်တော်များများမှာလည်း ကိုယ့်နိုင်ငံရဲ့ ပကတိ အခြေအနေနဲ့ လက်တွေ့အနေအထားအရ ကိုယ့်နိုင်ငံအကျိုးကိုရှေးရှုပြီး လွှတ်တော်အဆင့်ဆင့်မှာ ရွေးကောက်တင်မြှောက်မှုမပြုဘဲ သီးခြားခန့်အပ် တာဝန်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရှိတယ်လို့ ကိုစိုး ပြောဖူးပါတယ်။ အဲဒါ ရှင်းပြပေးပါဦး။**

ဘကြီးစိုး ။ ။ **ကိုယ့်နိုင်ငံရဲ့ လက်ရှိပကတိအရှိတရားအရ ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်အောင် လွှတ်တော်အသီးသီးမှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်မဟုတ်သူ (Non elective seats)တွေကို ခန့်အပ်တာဝန်ပေးပြီး ဖွဲ့စည်းဆောင်ရွက်နေတဲ့ နိုင်ငံပေါင်း ၃၀နီးပါး ရှိနေတယ်လေ။**

စိုးမြကျော် ။ ။ ဟာ–တော်တော်များပါလား ဘကြီး၊ အသေးစိတ်သိပါရစေ။

ဘကြီးစိုး ။ ။ ဘကြီးလေ့လာထားသလောက် ပြောရရင်တော့ အဲဒီလို ဖွဲ့စည်းဆောင်ရွက်နေတဲ့ နိုင်ငံတွေဟာ အယ်လ်ဂျီးရီးယား၊ ဘာရိန်း၊ ဘူတန်၊ ဘရူနိုင်း၊ အိန္ဒိယ၊ ချီလီ၊ အီဂျစ်၊ ဖီဂျီ၊ ဂမ်ဘီယာ၊ အိုင်ယာလန်၊ ဂျော်ဒန်၊ ကာဇက်စတန်၊ ကင်ညာ၊ Kiribati၊ မော်ရိုကို၊ နီပေါ၊ ရိုမေးနီးယား၊ စပိန်၊ ဆူဒန်၊ ယူဂန်ဒါ၊ တွန်ဂါ၊ ယူအေအီး၊ ဇမ်ဘီယာ၊ ဇင်ဘာဘွေ၊ ဗြိတိန်စတဲ့ နိုင်ငံတွေပဲ ဖြစ်တယ်ကွယ့်။

စိုးမြကျော် ။ ။ ဒီမိုကရေစီရဲ့ ဘိုးအေနိုင်ငံလို့ နာမည်ကြီးနေတဲ့ ဗြိတိန်မှာတောင် ရွေးကောက်ပွဲမဝင်ရဘဲ အလိုအလျောက် ခန့်အပ်တာဝန်ပေးထားတဲ့ အမတ်တွေ ရှိနေတာပေါ့နော်။

ဘကြီးစိုး ။ ။ ဟုတ်တယ်ကွယ့်၊ ဗြိတိန်လို့ လူသိများတဲ့ United Kingdom (UK) မှာ အထက်လွှတ်တော် (House of Lords)ဆိုတာ ရှိတယ်။ အဲဒီလွှတ်တော်ရဲ့ ကိုယ်စားလှယ် ၆၅၉ ဦးစလုံးဟာ ရွေးကောက်ပွဲဝင်စရာမလိုသူ (Non elective seats) တွေပဲ။ သူတို့ဟာ မျိုးရိုးစဉ်ဆက်ဆက်ခံသူ သူကောင်းမျိုးတွေ၊ ဘုရင်မက သူကောင်းပြုထားတဲ့ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်လို့ သိရတယ်။

စိုးမြကျော် ။ ။ ဆက်ပြီး ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ ။ အယ်လ်ဂျီးရီးယားနိုင်ငံရဲ့ အထက်လွှတ်တော်(Council of Nation)မှာ အမတ် ၁၄၄ နေရာရှိတဲ့အနက် သုံးပုံတစ်ပုံဖြစ်တဲ့ ၄၈ နေရာကို သမ္မတက တိုက်ရိုက်ခန့်အပ်ပြီး ကျန်သုံးပုံနှစ်ပုံကို မြူနီစီပါယ်ကောင်စီတွေက ရွေးချယ်တယ်။ ဘာရိန်းနိုင်ငံမှာတော့ အထက်လွှတ်တော် (Consultative Council)ရဲ့ အမတ်နေရာ ၄၀စလုံးကို ဘုရင်က ခန့်အပ်တယ်။ ဘူတန်နိုင်ငံရဲ့ အမျိုးသားလွှတ်တော်မှာ အမတ်နေရာ ၁၅၀ ရှိပြီး သုံးပုံတစ်ပုံကို ဘုရင်ကခန့်အပ်တယ်။ ဘရူနိုင်းမှာတော့ လွှတ်တော်မရှိဘဲ ဘုရင်က ခန့်အပ်တဲ့ ဝန်ကြီးများကောင်စီက စီမံခန့်ခွဲတယ်လို့ သိရတယ်။

ကြီးကြီးမြ ။ ။ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယမှာကော ကိုစိုး။

ဘကြီးစိုး ။ ။ အိန္ဒိယနိုင်ငံရဲ့ အထက်လွှတ်တော်(Council of State)မှာ စာပေ၊ သိပ္ပံနဲ့ လူမှုရေး ထူးချွန်မှုတွေ အပေါ်မူတည်ပြီး သမ္မတက တိုက်ရိုက်ခန့်အပ်တဲ့ အမတ် ၁၂ဦး ရှိတယ်။ အောက်လွှတ်တော် (House of People)မှာ အမတ်၅၄၅နေရာရှိပြီး အင်္ဂလိပ်–အိန္ဒိယကပြားတွေအတွက် နှစ်နေရာကို သမ္မတက တိုက်ရိုက်ခန့်အပ်တယ်လို့ သိရတယ်။ ချီလီနိုင်ငံမှာလည်း အထက်လွှတ်တော် (Senate) မှာ အမတ်၄၈နေရာရှိပြီး ၁၀နေရာကို တိုက်ရိုက်ခန့်အပ်တယ်။ ချီလီနိုင်ငံရဲ့ အခြေခံဥပဒေအရ သမ္မတဟောင်းတွေကို ရာသက်ပန်အထက်လွှတ်တော်အမတ်အဖြစ် သတ်မှတ်ထားတယ်။

စိုးမြကျော် ။ ။ ဆက်ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ ။ အီဂျစ်နိုင်ငံရဲ့ အထက်လွှတ်တော်သဘောဆောင်တဲ့ Advisory Council မှာ အမတ် ၂၆၄ နေရာရှိပြီး ၈၈ဦးကို သမ္မတက ခန့်အပ်တယ်။ အောက်လွှတ်တော်(People's Assembly)မှာ အမတ်၄၅၄ နေရာရှိပြီး သမ္မတက ခန့်အပ်သူ ၁၀ဦး ပါဝင်တယ်။ ဖီဂျီနိုင်ငံရဲ့ အထက်လွှတ်တော်မှာ အမတ်နေရာ ၃၂ နေရာရှိပြီး လူမျိုးစုအကြီးအကဲတွေက အဆိုပြုသူ ၁၄ဦး၊ ဝန်ကြီးချုပ်က အဆိုပြုသူ ကိုးဦး၊ အတိုက်ခံပါတီက အဆိုပြုသူ ရှစ်ဦးနဲ့ Rotuma ကျွန်းအတွက် တစ်ဦးကို သမ္မတက တိုက်ရိုက်ခန့်အပ်တယ်။ ဂမ်ဘီယာနိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်နေရာ ၅၃နေရာ အနက် ငါးနေရာကို သမ္မတက တိုက်ရိုက်ခန့်အပ်တယ်။

ဒီမိုကရေစီနည်းလမ်း ကျမကျဆိုတာဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို ထိခိုက်သလား၊ မထိခိုက်ဘူးလားဆိုတဲ့ ပေတံနဲ့ပဲ တိုင်းရမှာဖြစ်တယ်။ အဲဒီပေတံနဲ့ တိုင်းကြည့်ရင် လွှတ်တော်အဆင့်ဆင့်မှာ တင်သွင်းတဲ့ ဥပဒေမှန်သမျှကို အများစုရဲ့ ဆန္ဒနဲ့အညီ ဆုံးဖြတ်အတည်ပြုရမှာဖြစ်လို့ ဒီလို တပ်မတော်သားတွေ ပါဝင်နေတာဟာ ဒီမိုကရေစီအနှစ်သာရကို မထိခိုက်ဘဲ ဒီမိုကရေစီအနှစ်သာရ အပြည့်အဝရှိနေတယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။

စိုးမြကျော် ။ ။ ကျန်တဲ့နိုင်ငံတွေအကြောင်းလည်း သိပါရစေ။

ဘကြီးစိုး ။ ။ အိုင်ယာလန်ရဲ့ အထက်လွှတ်တော်(Seanad Eireann)မှာ အမတ်၆၀ရှိပြီး ၁၁ဦးကို ဝန်ကြီးချုပ်က တိုက်ရိုက်ခန့်အပ်တယ်။ ဂျော်ဒန်နိုင်ငံရဲ့ အထက်လွှတ်တော်(Senate)မှာ ပါဝင်တဲ့ အမတ်၄၀ စလုံးကို ဘုရင်ကခန့်အပ်ပြီး အောက်လွှတ်တော်က အတည်ပြုရတယ်။ ကာဇက်စတန်နိုင်ငံရဲ့ အထက်လွှတ်တော် (Senate)မှာ အမတ်၃၉ နေရာရှိပြီး ခုနစ်နေရာကို သမ္မတက တိုက်ရိုက်ခန့်အပ်တယ်။ ကင်ညာနိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်နေရာ၂၁၀အနက် ၁၂နေရာကို သမ္မတ၊ ရှေ့နေချုပ်နဲ့ လွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်ခန့်အပ်တယ်။ Kiribati ကျွန်းနိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်၄၁ဦးအနက် နှစ်ဦးဟာ ခန့်အပ်တာဝန်ပေးခံရသူတွေဖြစ်တယ်။

စိုးမြကျော် ။ ။ ဟုတ်ကဲ့ပါ ဘကြီး။

ဘကြီးစိုး ။ ။ မော်ရိုကိုနိုင်ငံရဲ့ အထက်လွှတ်တော်(Chamber of Advisers)မှာ အမတ်နေရာ၂၇၀ရှိပြီး ၆၀ရာခိုင်နှုန်းကို ဒေသကောင်စီတွေက သွယ်ဝိုက်ရွေးချယ်ပြီး ကျန်၄၀ ရာခိုင်နှုန်းကို စီးပွားရေးအဖွဲ့အစည်းတွေနဲ့ အလုပ်သမားသမဂ္ဂတွေက ရွေးချယ်တယ်။ နီပေါနိုင်ငံရဲ့ အထက်လွှတ်တော် (National Council)မှာ အမတ်နေရာ ၆၀ ရှိပြီး၊ ဘုရင်က ၁၀ဦး၊ အောက်လွှတ်တော်က ၃၅ဦးနဲ့ ကျေးရွာ၊ မြို့နယ်၊ ခရိုင်ခေါင်းဆောင်တွေက ၁၅ ဦးကို ရွေးချယ်ခန့်အပ်တယ်။ ရိုမေးနီးယားနိုင်ငံရဲ့ အောက်လွှတ်တော်(Chamber of Deputies)မှာ အမတ်၃၄၆ နေရာရှိပြီး ၁၉နေရာကို လူမျိုးစုအတွက် သီးသန့်သတ်မှတ်ထားတယ်၊ စပိန်နိုင်ငံရဲ့ အထက်လွှတ်တော် (Senate)မှာ တိုက်ရိုက်ရွေးချယ်တဲ့ အမတ်၂၀၈နေရာနဲ့ ဒေသများကို ကိုယ်စားပြုတဲ့ အမတ်၄၇ နေရာ ပါဝင်တယ်။

စိုးမြကျော် ။ ။ ဆက်ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ ။ ဆူဒန်နိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်နေရာ ၃၆၀အနက် ၉၀ကို သွယ်ဝိုက်သောနည်းနဲ့ ရွေးချယ် ခန့်အပ်တယ်။ ယူဂန်ဒါနိုင်ငံမှာလည်း လွှတ်တော်တစ်ရပ်သာထားရှိပြီး အမတ်၂၉၂ နေရာအနက်၇၈နေရာကို အထူးအဖွဲ့အစည်းတွေနဲ့ သီးသန့်သတ်မှတ်ပေးထားတယ်။ တွန်ဂါနိုင်ငံမှာလည်း လွှတ်တော်တစ်ရပ်သာထားရှိပြီး ဘုရင်ကခန့်အပ်သူ အမတ် ၁၁ဦး၊ လူမျိုးစု ခေါင်းဆောင်တွေက ရွေးချယ်ပေးတဲ့ အမတ်ကိုးဦးနဲ့ တိုက်ရိုက်ရွေးချယ်တဲ့ အမတ်ကိုးဦးပါဝင်တယ်။ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)မှာတော့ အကြံပေးတာဝန်ယူရတဲ့ Federal National Council ဖွဲ့စည်းထားပြီး အဖွဲ့ဝင် ၄၀စလုံးဟာ ခန့်အပ် တာဝန်ပေးခံရသူတွေဖြစ်တယ်။ ဇမ်ဘီယာနိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်၁၅၈နေရာအနက် ရှစ်နေရာကို သမ္မတက တိုက်ရိုက်ခန့်အပ်တယ်။ ဇင်ဘာဘွေနိုင်ငံမှာလည်း လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်၁၅၀အနက် သမ္မတက ၁၂ဦးခန့်အပ်တယ်။ ပြည်နယ်ရှစ်ခုမှ အုပ်ချုပ်ရေးမှူးတွေဟာ အလိုအလျောက်အမတ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရတယ်။

ကြီးကြီးမြ ။ ။ အင်ဒိုနီးရှားနိုင်ငံရဲ့ အရင်ကကျင့်သုံးခဲ့တဲ့ ပြည်သူ့လွှတ်တော်အကြောင်းကိုလည်း ရှင်းပြလိုက်ပါဦး ကိုစိုးရယ်။

ဘကြီးစိုး ။ ။ ဒို့ရဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံရဲ့ ပြည်သူ့လွှတ်တော် (House of Representatives)မှာ လွှတ်တော်ကိုယ်စားလှယ် နေရာ၅၀၀ရှိတယ်။ သူတို့နိုင်ငံရဲ့ အခြေအနေအရ ၂၀၀၄ခုနှစ်အထိ အဲဒီလွှတ်တော်ကိုယ်စားလှယ်၅၀၀ အထဲက ၃၈နေရာကို တပ်မတော်အတွက် သတ်မှတ်ပေးခဲ့တယ်လို့ သိရတယ်။

စိုးမြကျော် ။ ။ **ဒီအခြေအနေတွေကိုကြည့်ရင် ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ ဒီမိုကရေစီစနစ်ကို ကိုယ်စီကိုယ်ငကျင့်သုံးကြရာမှာ ကိုယ့်နိုင်ငံရဲ့သမိုင်းအစဉ်အလာ၊ ပကတိအခြေအနေတွေနဲ့ လိုက်လျောညီထွေလည်းဖြစ်အောင် မိမိနိုင်ငံအကျိုးကိုလည်း အကောင်းဆုံး ဖော်ဆောင်နိုင်အောင်၊ ဒီမိုကရေစီလည်းကျအောင် ဖော်ဆောင်နေကြတာတွေ တွေ့ရတယ်နော်ဘကြီး။**

ဘကြီးစိုး ။ ။ ဒါပေါ့ကွယ်၊ **ဘကြီးတို့ မြန်မာနိုင်ငံမှာလည်း အဲဒီလို ရှေ့ရေးနောက်ရေးမျှော်တွေးပြီး ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ အသင့်တော်ဆုံးဖြစ်အောင်၊ ဒီမိုကရေစီရဲ့ အနှစ်သာရလည်း မထိခိုက်အောင်၊ အနာဂတ်မှာလည်း တိုင်းပြည်နဲ့လူမျိုးအကျိုးကို အကောင်းဆုံးဖော်ဆောင်နိုင်အောင် ဆောင်ရွက်နေကြတာပဲ ဖြစ်တယ်ကွယ့်။**

စိုးမြကျော် ။ ။ မှန်ပါတယ်ဘကြီး၊ **တပ်မတော်ဟာ ပင်ကိုဗီဇအားဖြင့် နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်နေတဲ့ သမိုင်းအစဉ်အလာ ကြီးမားတဲ့ အမျိုးသားရေး အင်အားစုကြီးဖြစ်တာနဲ့အညီ နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို အခါမလပ် မျက်ခြည်မပြတ်ဘဲ အနာဂတ်မှာလည်း ဒီမိုကရေစီအနှစ်သာရနဲ့အညီ ဖော်ဆောင်ပေးသွားရမှာပဲ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း တိတိကျကျ သိရပြီမို့ ဘကြီးနဲ့ကြီးကြီးတို့ကို အထူးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ။** ။

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စား

အဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၁၀၇၉ ဦးရှိပြီး ၁၀၆၉ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်းကြေညာ သည်။

(တောင်ပိုင်း) ရှာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့ ကိုယ်စားလှယ်သုံးဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက် စာတမ်းကို အပိုင်းသုံးပိုင်းခွဲပြီး ဖတ်ကြားတင်ပြကြရာ ဦးစွာ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်က ဖတ်ကြားတင်ပြသည်။

(ဒေါက်တာမှုထန်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းက ဖတ်ကြားတင်ပြသည်။

(ဦးအောင်သိန်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်ကဖတ်ကြားတင်ပြသည်။

(ဦးထွန်းကျော်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်ဖတ်ကြား

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ် အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ချင်းပြည်နယ်မှ ဦးပြေလေက ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဦးပြေလေ၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေါ်အေးချိုစိန်က ဆက်လက်ဖတ်ကြားတင်ပြသည်။

☆ *ကျောဖုံးမှ*

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့်တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ပဲခူးတိုင်း၊မကွေးတိုင်း၊မန္တလေးတိုင်း၊ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ပဲခူးတိုင်း၊ မကွေးတိုင်း၊မန္တလေးတိုင်း၊ ရန်ကုန်တိုင်း

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နှင့်ဧရာဝတီတိုင်းတို့မှတောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီနှင့်ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့်

လှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

သဘာပတိ

ယနေ့ ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီမှ ဒေါက်တာပိုက်တင်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမန်းအုံးမောင်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အလုပ်သမား ကိုယ်စားလှယ်များ အစု

ဖတ်ကြားတင်ပြ

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြရာတွင် ရှေးဦးစွာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်

ဆက်လက်၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရာတွင် ဦးစွာ စစ်ကိုင်းတိုင်းမှ ဦးရှိသီးက ဖတ်ကြားတင်ပြသည်။

(ဦးရှိသီး၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

(ဒေါ်အေးချိုစိန်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် မွန်ပြည်နယ်မှ ဒေါ်ခင်လေးမြင့်က ဆက်လက် ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ခေတ္တရပ်နားသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဧရာဝတီတိုင်းမှ ဒေါ်စန်းစန်းဌေးက ဆက်လက်ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(ဒေါ်စန်းစန်းဌေး၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

(ဒေါ်ခင်လေးမြင့်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက်အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ခေတ်မီပညာရပ်များသင်ကြားနိုင်ရေး သင်ထောက်ကူစာသင်ခန်းများဖွင့်လှစ်ပေးခဲ့ ကျန်းမာရေးကဏ္ဍ၌ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်တိုးမြှင့် ကျေးလက်စာကြည့်တိုက် တည်ထောင်နိုင်၍ ဒေသခံပြည်သူများ ဗဟုသုတတိုးပွား တိုးတက်သည့်ရလဒ်ကောင်းများ အခြားကျေးရွာများအားကျရအောင် ဆက်လက်ကြိုးပမ်း

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကပိုင်စံပြကျေးရွာတွင် ကျေးရွာသူတစ်ဦး တယ်လီဖုန်း ဆက်သွယ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၅

နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်ပြည်မ မြို့ပြနှင့် ကျေးလက်မခွဲခြားဘဲ ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲကလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို ချမှတ်လမ်းညွှန်ပေးခဲ့သည်။ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးကဏ္ဍများပါမကျန် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ ကပိုင်စံပြကျေးရွာသည် ဖွံ့ဖြိုးတိုးတက်မှု၏ရလဒ်ကောင်းများကို ခံစားရရှိနေပြီဖြစ်သည်။

ကပိုင်စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ဇန်နဝါရီ ၁ ရက်တွင် သွားရောက် ကြည့်ရှုအားပေးကြပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းကူညီကြသည်။

လှည့်လည်အားပေး

တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကပိုင်စံပြကျေးရွာသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ဒေသခံပြည်သူများက စောင့်ကြိုနှုတ်ဆက်ကြသည်။ ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကပိုင်စံပြကျေးရွာရှိ ဧက ၁၃ဒသမ ၁၂၅ ဧက၌ ကြက်ဆူပင် ၁၅၀၀ စိုက်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ခြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ ဒေသခံပြည်သူများ စိုက်ပျိုးနေမှုများကို လှည့်လည်အားပေးကြသည်။

ထို့နောက် ကပိုင်စံပြကျေးရွာရှိ တိုးတက်အောင် လူငယ်ရိပ်သာနှင့် စာကြည့်တိုက်ကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး စာဖတ်နေကြသည့် လူငယ်လူရွယ်များနှင့် ဒေသခံပြည်သူများအား တိုင်းမှူးနှင့် ဝန်ကြီးတို့က ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စာကြည့်တိုက်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုအားပေးကြပြီး လိုအပ်ချက်များကိုဆွေးနွေးမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခန်းမ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ မီးသတ်အဆောက်အအုံ၊ အများသုံး တယ်လီဖုန်းရုံးနှင့် Solar Cell လျှပ်စစ်ဓာတ်အားပေးစက်များ စုပေါင်းဖွင့်ပွဲသို့ တိုင်းမှူးနှင့် ဝန်ကြီးတို့ တက်ရောက်ချီးမြှင့်အားပေးကြပြီး ကျေးရွာဥက္ကဋ္ဌ၊ အရန်မီးသတ်တပ်စုမှူးနှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျေးလက် အများသုံး တယ်လီဖုန်းရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာပြည်သူများ တယ်လီဖုန်းဆက်သွယ်အသုံးပြုမှုအခြေအနေများကို လေ့လာစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ကပိုင်စံပြကျေးရွာမှ ဒေသခံပြည်သူများ၏ ကျေးလက်စကားဝိုင်းသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် Solar Cell ဖြင့် လျှပ်စစ်မီးထွန်းခြင်းလုပ်ငန်းနှင့် အရန်မီးသတ်အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကပိုင်တိုက်နယ်ဆေးရုံဖွင့်ပွဲသို့ တက်ရောက် ချီးမြှင့်အားပေးကြပြီး တိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း လှူဒါန်းသော ရုပ်မြင်သံကြားစက်၊ အင်ဗာတာ၊ ဘက်ထရီနှင့် စာအုပ်စာတမ်းမျိုးစုံတို့ကို ဗဟိုအတွင်းရေးမှူးကိုယ်စား စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စမ်းသပ်ကုသ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ကပိုင် တိုက်နယ်ဆေးရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကပိုင်တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လူနာများအား အားပေးစကားပြောကြားကြသည်။ ကပိုင်တိုက်နယ်ဆေးရုံသို့ မုံရွာမှ အထွေထွေရောဂါအထူးကု ဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးများ၊ သွားဘက်ဆိုင်ရာအထူးကု ဆရာဝန်ကြီးများက တစ်နေကုန် လာရောက်ပြီး ရောဂါရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ ကုသခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၃၀၀ ကျော်ကို စမ်းသပ်ကုသ အကြံဉာဏ်များ ပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကပိုင်စံပြကျေးရွာ ဈေး၊ ဝင်းသူဇာအရောင်းဆိုင်ခွဲနှင့် ဇီဝဒီဇယ်ဖြင့်အသုံးပြုမည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ဖွင့်လှစ်သည့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်အားပေးကြပြီး ကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကပိုင်စံပြကျေးရွာ ဈေးအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကပိုင်စံပြကျေးရွာအထက်တန်းကျောင်း၌ သင်ထောက်ကူစာသင်ခန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အဆိုပါ အထက်တန်းကျောင်းဝင်း၌ စစ်ကိုင်းတိုင်း စက်မှုလယ်ယာဦးစီးဌာနက ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ခြစ်စည်းရိုးကြက်ဆူပင်ရိုင်း၏ အပင်နမူနာနှင့် ဇီဝဒီဇယ်ဆီ ညှစ်ထုတ်စက်အသုံးပြုနိုင်မှုများကို ပြသပြီး လယ်ယာ(၁၆) လက်တွန်းထွန်စက်ကို လက်တွေ့ထုတ်လုပ်ထားသော ဇီဝဒီဇယ်ဆီဖြင့် မောင်းနှင်ပြသရာ ဒေသခံ တောင်သူလယ်သမားများက အထူးစိတ်ဝင်စားစွာ ကြည့်ရှုမေးမြန်းကြသည်။

ရွာလုံးကျွတ်တက်ရောက်

ထို့နောက် ကျောင်းခန်းမ၌ ကပိုင်စံပြကျေးရွာ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များနှင့်အတူ ကပိုင်စံပြကျေးရွာမှ ဒေသခံပြည်သူများ ရွာလုံးကျွတ်နီးပါး တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ၏ကိုယ်စား ကပိုင်စံပြကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအောင်စန်းက ကျေးဇူးတင်စကား ပြောကြားရာ၌ ကပိုင်စံပြကျေးရွာသည် ယင်းမာပင်မြို့နယ်၏ အစွန်ဆုံးမှာ တည်ရှိသည့်အတွက် ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ပါကြောင်း၊ ယင်းမာပင်မြို့နှင့် ၁၂ မိုင်၊ မုံရွာမြို့နှင့် ၄၅ မိုင်လေးဖာလုံကွာဝေးပြီး အိမ်ခြေ ၄၈၀၊ အိမ်ထောင်စု ၅၂၀ နှင့် လူဦးရေ ကျားမ စုစုပေါင်း ၄၀၂၉ ဦးရှိပါကြောင်း၊ ကပိုင်စံပြကျေးရွာအုပ်စု၌ ကပိုင်ကျေးရွာ၊ ကဗြုကျေးရွာ၊ ပေါင်းဝကျေးရွာစသည့် ရွာသုံးရွာ ဖွဲ့စည်းထားပြီး အလောင်းတော်ကဿပ သွားသည့်လမ်းပေါ်၌ တည်ရှိသော စံပြကျေးရွာဖြစ်ပါကြောင်း။

တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်၏ ထောက်ပံ့ဖြည့်ဆည်းပေးမှု၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုတို့နှင့်အတူ ကျေးရွာလူထုများ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် နိုင်ငံတော်အစိုးရ၏စေတနာကို သိမြင်ကျေးဇူးတင်မိပါကြောင်း၊ ပညာရေးကဏ္ဍတွင် ၁၉၅၄ ခုနှစ်က မူလတန်းကျောင်းသာဖွင့်လှစ်နိုင်ပြီး ၁၉၉၁ ခုနှစ်တွင် အလယ်တန်းကျောင်းကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၁၉၉၆ ခုနှစ်တွင် တွဲဖက်အထက်တန်းကျောင်းနှင့် ၂၀၀၅ ခုနှစ်တွင် အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိခဲ့သည့်အတွက် အထက်တန်းပညာကို မိမိတို့ကျေးရွာမှာပင် အလွယ်တကူ သင်ယူနိုင်နေပြီဖြစ်ပါကြောင်း။

ပညာရေးစိတ်အေးရပြီ

ခေတ်မီပညာရပ်များ သင်ကြားနိုင်ရေးအတွက် သင်ထောက်ကူစာသင်ခန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်က မမြင်ဖူးခဲ့သည် ကွန်ပျူတာများပင် အထက်တန်းကျောင်း၌ ငါးလုံးရရှိနေပြီဖြစ်သည့်အတွက် အဆင့်မြင့်ပညာများ သင်ကြားနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကိုလည်း နိုင်ငံတော်က ထည့်ဝင်ငွေကျပ်သိန်း ၂၀ နှင့် ကျေးရွာပြည်သူများ၏ လှူဒါန်းငွေကျပ် သိန်း ၂၀ တို့ဖြင့် ဆောက်လုပ်နိုင်ခဲ့ပြီး ပညာရေးအတွက် စိတ်အေးရပြီဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍ အနေဖြင့် ၁၉၈၀ ပြည့်နှစ်က ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး ယခုအခါ စုစုပေါင်းတန်ဖိုး ၉၉ ဒသမ ၇၄ သိန်းအကုန်ကျခံ ဆောက်လုပ်ထားသော တိုက်နယ်ဆေးရုံအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးအတွက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျပ်ငွေ သုံးသိန်းနှင့် ဘိလပ်မြေ အိတ် ၂၅၀၊ သံဆန်ခါ ၆၈ ချပ်၊ သွပ်အချပ် ၁၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် စစ်ကိုင်းတိုင်းတာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကျပ်ငွေ ၁၂ သိန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သစ်မာ လေးတန်၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၀ သိန်းစီနှင့် ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၄၄ သိန်း ပစ္စည်းပံ့ပိုးမှုတန်ဖိုးငွေကျပ်သိန်း ၂၀ တို့ဖြင့် တည်ဆောက်ခဲ့ပါကြောင်း။

ဝမ်းသာကြည်နူးမဆုံး

ဒေသခံပြည်သူများ ဗဟုသုတနှင့် အသိပညာ တိုးတက်မြင့်မားရေးအတွက် ကျေးလက်စာကြည့်တိုက်ကို ဖွင့်လှစ်နိုင်ခဲ့၍ နေ့စဉ်ထုတ်သတင်းစာများကို အချိန်နှင့်တစ်ပြေးညီ မြန်မာ့သတင်း၊ ကမ္ဘာ့သတင်းများကို ဖတ်ရှုရသည့်အတွက် ဗဟုသုတများစွာရရှိပြီး မြန်မာနိုင်ငံ ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိခွင့်ရရှိခဲ့သည့်အတွက် ဝမ်းသာကြည်နူးမဆုံးဖြစ်ရပါကြောင်း။

ယင်းလုံးအိမ်သာတည်ဆောက်မှုမှာ ၁၀၀ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်အောင် ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက် အောင်မြင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရက ကျေးလက်နှင့် မြို့ပြကွာဟမှုနည်းစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို တပ်မတော်၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာသည့် ရလဒ်ကောင်း ဖွံ့ဖြိုးတိုးတက်မှုကို အခြားရွာများ ငေးကြည့်ရအောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်မြမြဝင်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယခင်က ကပိုင်ကျေးရွာမှ ယင်းမာပင်မြို့ကို နွေရာသီတွင်၁၂နာရီကြာ သွားရပြီး မိုးတွင်းကာလတွင် ယမားချောင်း ရေကြီးပါက ခုနစ်ရက်ကြာမှရောက်ခဲ့ရပါကြောင်း၊ ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ မြောက်ယမားတံတားကို တည်ဆောက်ပေးခဲ့ခြင်းကြောင့် နေ့ချင်းပြန်သွားနိုင်ပြီဖြစ်ကြောင်း၊ ကပိုင်ကျေးရွာသည် မုံရွာ-ယာကြီး-ကလေးဝ လမ်းမကြီးပေါ်သို့ ၁၀ မိုင် ၄ ဖာလုံ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ခဲ့ခြင်းကြောင့် အချိန်မရွေး၊ ရာသီမရွေး သွားလာနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

အဆင်ပြေတိုးတက်

ယခုအခါ ကပိုင်ကျေးရွာ၌ ဆိုင်ကယ်သံတည်းသံဖြင့် တိုးတက်လာခဲ့ပြီး မော်တော်ဆိုင်ကယ် ၁၆ စီး၊ မော်တော်ကားတစ်စီး၊ ရုပ်မြင်သံကြားဖမ်းစက် ၂၂ လုံး၊ ဂြိုဟ်တုစလောင်းသုံးခု၊ စက်ရေတွင်းတစ်တွင်း၊ လက်နှိပ်တုံကင် ၂၁၂ တွင်း၊ အများသုံးရေကန်တစ်ခု၊ ရိုးရိုးရေတွင်း ၁၀၁ ခုတို့ဖြင့် သွားလာရေးနှင့် ရေကောင်းရေသန့်ရရှိရေး အဆင်ပြေတိုးတက်လျက်ရှိပါကြောင်း။

စီးပွားရေးအရ လယ်ယာမြေအသုံးချမှု ၁၅၆၄၆၂ ဧကရှိပြီး ခိုင်းနွားအပါအဝင် နွား ၂၉၅၃ ကောင်၊ ဝက် ၁၈၆ ကောင်၊ ဒေသ ကြက် ၂၀၀၃ ကောင်၊ ဆိတ် ၃၂ ကောင်နှင့် ဉစား ကြက်မွေးမြူရေးခြံ တစ်ခု၊ ဗီဒီယိုရုံသုံးရုံ၊ စီဒီအိုကေ ခုနစ်ရုံ၊ ကက်ဆက် ၅၁ လုံး၊ ရေဒီယိုအလုံး ၆၀၊ အသံချဲ့စက် ခြောက်လုံးတို့ကို ပိုင်ဆိုင်သော စီးပွားဖြစ်လုပ်ငန်းများ၊ သစ်တောထွက် လုပ်ငန်းပိုင်ရှင်များ၊ သီးနှံမျိုးစုံရောင်းဝယ်ရေးနှင့် ကုန်စုံဆိုင် အိမ်ဆိုင် ၁၅ ခု၊ ဆန်ဖွပ်လုံမှ ၁၃၂ ရာခိုင်နှုန်း၊ ဆီဖွပ်လုံမှ ၄၃၄ ရာခိုင်နှုန်းဖြင့် စီးပွားရေးဖြစ်ထွန်းတိုးတက်မှုများကို လက်တွေ့ခံစားနေရပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် မဟာဘွဲ့ရ တစ်ဦး၊ ရိုးရိုးဘွဲ့ဒီဂရီရ ၂၅ ဦး၊ HA တစ်ဦး၊ GTI တစ်ဦး၊ သားဖွားသုံးဦး၊ အထက်တန်းအောင် ၅၅ ဦး၊ အလယ်တန်းအောင် ၂၅၀၊ မူလတန်းအောင် ၁၇၅၀၊ ဘုန်းကြီးကျောင်းထွက် ၁၅၄၃ ဦး ပေါ်ပေါက်ခဲ့ပါကြောင်း။

မိုးသီးနှံ၊ ဆောင်းသီးနှံများဖြစ်သည့် စပါး၊ ဆီထွက်သီးနှံ နှမ်းနှင့် နေကြာ၊ ပဲမျိုးစုံ၊ ဝါ၊ ဂျုံ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲစင်းငုံနှင့် စားပြောင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုမှာလည်း အောင်မြင်ဖြစ်ထွန်းလျက် ဒေသခံပြည်သူများ စီးပွားဖြစ်တိုးတက်လျက်ရှိပါသဖြင့် ကပိုင်စံပြကျေးရွာအဖြစ် မြှင့်တင်ပေးခဲ့သော နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူအားလုံးကို ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။ ***စာမျက်နှာ ၁၃ ကော်လံ ၁***

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၆
၁၃၆၇ခုနှစ်၊ ပြာသိုလဆန်း ၆ရက်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်–

ယမန်နေ့ကအဆက်

လူမှုထူးချွန်တံဆိပ်(ပထမဆင့်)(အဆက်)

၂၀။ ဦးမျိုးညွန့်ဆန်း၊ သစ်စာရင်းကိုင်အဆင့်(၄)အမှတ်(၃)သစ်စက်၊ အမှတ်၇ ပရိဘောဂစက်ရုံ(ဝါးတရာ)မြန်မာ့သစ်လုပ်ငန်း၊ သစ်တာရေးရာဝန်ကြီးဌာန။

၂၁။ ဦးကျော်သောင်း(မ–၃၀၄၁)၊ မီးသတ်တပ်ကြပ်ကြီး၊ ပြည်မြို့နယ် မီးသတ်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန။

၂၂။ ဦးသိန်းဆွေ၊ စက်မှုကျွမ်းကျင်(၄)၊ အလုံအချိုရည်နှင့် ရေခဲစက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၃။ ဦးကျော်ဆန်းထွန်း သင်္ဘောသားအကူ(စက်) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၂၄။ ဦးသန်းဝင်း ဒု–ကုန်ကြပ်(အုပ်စုမှူး) ကုန်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးဝန်ကြီးဌာန။

၂၅။ ဦးသောင်းညွန့် ဘက်စုံ(၄က်ကြပ်)(အငြိမ်းစား)၊ ၉၇ ရုံပွဲလမ်း၊ အနောက်မြောက်ရပ်ကွက်၊ ကြိုပင်ကောက်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၂၆။ ရေ–၃၃၄၅ ဗိုလ်မှူးမောင်တင့်၊ ပင်မတိုင်းတာရေးတပ်၊ တပ်မတော်(ရေ) ကာကွယ်ရေးဝန်ကြီးဌာန။

၂၇။ ဦးစိန်ဟန် အပိုင်(၂)ရာအိမ်မှူး(၅/၁)စည်ပင်သာယာလမ်း၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၂၈။ လ–၆၈၁၀၉ ရဲတပ်ကြပ်လှထွန်း၊ လှိုင်သာယာရဲတပ်ဖွဲ့စခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၉။ ဦးလှစိုး ကျွမ်းကျင်အဆင့်(၆)၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး(ရုံးချုပ်)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၃၀။ ဦးမြသန်း(ခ)ဦးအောင်အောင် ကာယလုပ်သား၊ ၇/၂၀၆၊ ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၃၁။ ဦးခင်လှ၊ အလုပ်ရုံစိတ်မှူး၊ ဆပ်ပြာစက်ရုံအမှတ်(၂)၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၃၂။ ဦးမောင်မောင်၊ အလုပ်ရုံစိတ်မှူး၊ ရန်ကုန်အမှတ်(၂)ဂျုံနှင့်ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ၊ မြန်မာ့စားသောက်ကုန်ပစ္စည်းလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၃၃။ ဦးမြကြိုင်၊ လုပ်သားခေါင်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၃၄။ ဦးပါထွန်း၊ ဆံသလုပ်ငန်း၊ သဥ္ဇာဆံသ၊ ထီးသုံးဆင့်ဘုရားတိုက်တန်း၊ အောင်မင်္ဂလာဇာတ်ရုံပေါက်၊ သီရိမင်္ဂလာရပ်၊ မိတ္ထီလာမြို့။

၃၅။ ဦးနီတွတ်(ခ)ဦးအောင်သိုက်၊ ကုန်သည်၊ ခ/၄၁၆၊ ၁၀–လမ်း၊ ဥပုသ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

၃၆။ ဒေါ်ယုယုဝေ အထက်တန်းပြ၊ အထက(၄)ဗိုလ်တထောင်၊ အမှတ်(၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၃၇။ ဦးအုန်းမြင့်၊ ကျောင်းစောင့်၊ အလက(၂)မင်္ဂလာတောင်ညွန့်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၃၈။ ဦးခင်မောင်သွင်၊ ပုံနှိပ်ကျွမ်းကျင်(၄)စက်(တိုရီဘာစက်ခန်း)ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၃၉။ ဦးမြင့်သိန်း၊ စစ်ဆေးရေးမှူး(၁)၊ သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၄၀။ ဦးဇုတိန္ဒရ သံဃာတော်၊ ရွှေကြာမြိုင်ပရိယတ္တိစာသင်တိုက်၊ စည်ပင်ရှာနတ်ရေကန်အုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။

၄၁။ ဦးသောင်းဝင်း ပုံနှိပ်ကျွမ်းကျင်(၄)(စအခ)၊ စာအုပ်ချုပ်ဌာန၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၄၂။ ဦးအောင်မြတ်ကျော် စီမံကိန်းမန်နေဂျာ၊ ဂုန်လျှော်သုတေသနနှင့်မျိုးသန့်ပွားစီမံကိန်း၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၄၃။ ဦးလှစိုး လက်မှုကျွမ်းကျင်အဆင့်(၃)၊ အမှတ်(၃) ပရိဘောဂစက်ရုံ၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၄၄။ လ–၁၆၀၄ ဒုတိယရဲမှူးကြီး ခင်မောင်ထွန်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄၅။ ဦးကျော်စိုး အချိန်မှူး(တ–ကုန်ကြပ်)ကုန်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၄၆။ ဦးမြဟန်(ပ/၃၂၄၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄၇။ ဦးခင်မောင်ရင်(ခ)ဦးကျော်ဦး ဆေးသုတ်လုပ်ငန်း၊ အကွက်(၅၃၁) လွှတောင်ဝင်း၊ ရတနာဘုမ္မိအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

၄၈။ ဦးလှမြိုင် ကုန်သည်၊ မဟာမြိုင်(၂)၊ ၆၃လမ်း၊ ၃၉ x ၄၀လမ်းကြား (ဒ–၁၁/၃၀) မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

၄၉။ ဦးအေးကို စက်မှုကျွမ်းကျင်(၄)၊ အမှတ်(၂)ပုံဖော်စက်ရုံ၊ အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၅၀။ ဦးရဲလင်း ကုန်သည်၊ ကံအရှေ့ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၅၁။ ကိုယ်ပိုင်အမှတ်–၄၃၅၅၇၇ တပ်ကြပ်ကြီးစာရေး စောဝင်း၊ စစ်ဦးစီးဌာနအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်(နန်းတွင်း)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅၂။ ဦးမျိုးအောင် ရုံးအကူ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဦးဇော်ဇော် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်။

၂။ ဦးချစ်ခိုင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်။

၃။ ဦးသန်းစိန်နည်းပြချုပ်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်။

၄။ ဦးမြသိန်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်။

၅။ ဒေါက်တာ ဒေါ်ပင်ဒိုရာအောင်ကြီး၊ မြန်မာ့အမျိုးသမီး ဘောလုံးအဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်။

၆။ ဦးအေးမောင် လက်ထောက်ညွှန်ကြားရေးမှူး အား/ကာဦးစီးဌာန။

၇။ ဦးထွန်းမောင် နည်းပြ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်။

၈။ ဦးစန်းမြင့် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်။

၉။ ဦးသိန်းအောင် ဒုတိယညွှန်ကြားရေးမှူးချုပ် အားကစားနှင့်ကာယပညာဦးစီးဌာန။

၁၀။ ဦးထွန်းတင့်အောင် ဂိုးနည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်။

၁၁။ ဒေါက်တာခင်ပြုံးရီ တွဲဖက်ပါမောက္ခ/ခွဲစိတ်ကုဆရာဝန်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး။

၁၂။ ပါမောက္ခ ဒေါက်တာ သစ်လွင် ပါမောက္ခ(အရိုး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး။

၁၃။ ဒေါက်တာမြသောင်း ဆေးရုံအုပ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး။

၁၄။ ပါမောက္ခ ဒေါက်တာ ခင်မောင်ဟန်၊ ပါမောက္ခ/ဌာနမှူး(အရိုး) မြောက်ဥက္ကလာပဆေးရုံကြီး။

၁၅။ ပါမောက္ခဒေါက်တာအောင်မြင့် ပါမောက္ခ(ခွဲစိတ်)၊ မြောက်ဥက္ကလာပဆေးရုံကြီး။

၁၆။ ဒေါက်တာ ရွှေဉာဏ် တိုက်နယ်ဆရာဝန်၊ တိုက်နယ်ဆေးရုံ၊ နမ့်လန်၊ သီပေါမြို့နယ်(ရှမ်း–မြောက်)။

၁၇။ ဒေါက်တာ ဝေဝေသာ အတွင်းရေးမှူး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း။

၁၈။ ဦးစောသိန်း မင်း/၃၄၊ မင်စုရပ်ကွက်၊ လှိုင်ကော်မြို့။

၁၉။ ဦးတင်လှ အမှတ်(၂၄၁)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်ကွက် မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၂၀။ ဦးအာဇီး (ဦးအာဇေး) ဥက္ကဋ္ဌ လွယ်တော်ခမ်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တာချီလိတ်မြို့နယ်။

၂၁။ ဦးလူမော် ယာဉ်မောင်း တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၂။ ကိုယ်ပိုင်အမှတ်–၄၁၄၅၆၁ တပ်ကြပ်ကြီး စာရေးသန်းဦး၊ တပ်ကြပ်ကြီးစာရေး(ပထမတန်း)၊ အမှတ်(၁၀၃) ခြေမြန်တပ်ရင်း (တောင်တွင်းကြီး)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၃။ ဦးထွန်းဝေ လက်သမား(ပရိဘောဂ)၊ အမှတ်(၃၆၆–ဘီ)၊ ဦးဘရိန်လမ်းကြား၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၂၄။ အရှင်ဇနက သာသနာလင်္ကာရကျောင်း၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

၂၅။ ဦးကျော်ရီ ပညာရေးဌာနဝန်ထမ်း(အငြိမ်းစား)၊ ရှမ်းကုန်းကြေးနန်းတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်း။

၂၆။ ဦးဝင်းမြင့် လက်သမား(ကျွမ်းကျင်–၃)၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး)၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၇။ ဦးရဲမြင့် ကုန်သည် အမှတ် ၂၆၃၊ ၃၅ လမ်း၊ ၈၀x၈၁ လမ်းကြား၊ ရတနာဘုမ္မိအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

၂၈။ ဦးဆန်းလွင် အကြီးတန်းစာရေး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၂၉။ ကိုယ်ပိုင်အမှတ်–၅၀၃၇၅၅ ဒုအရာခံဗိုလ်ဟန်ထွန်းအောင် အမှတ်(၂) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃၀။ ကိုယ်ပိုင်အမှတ်–၇၅၁၄၃၁ တပ်သားဆန်းဦး တပ်မတော်မှတ်တမ်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃၁။ ဦးလှဖေ စောင့်ရှောက်ရေးမှူး၊ မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး (ကြည့်မြင်တိုင်မြို့နယ်)၊ အလုပ်သမားဝန်ကြီးဌာန။

၃၂။ ဒေါ်အင်နီ အကြီးတန်းလက်နှိပ်စက်၊ အဆင့်မြင့်မီးခံအုတ်စက်ရုံ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၃၃။ ဦးအောင်စန်းငွေ ဓာတ်ခွဲစစ်ဆေးသူ(ဒုတိယတန်း) သနပ်ပင်မြို့ ပြည်သူ့ဆေးရုံ၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၃၄။ ဦးအောင်ဟိုအန်း လက္ခဏာဆရာ၊ အမှတ် ၁၉/၂၀၊ (၂–က)၊ မရမ်းမြိုင်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

၃၅။ ဦးသံဝရ ပဓာနနာယကဆရာတော်၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၊ အိမ်တော်ရာကျောင်းတိုက်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၃၆။ ဦးမြင့်တင် လုပ်သားမှူး၊ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး (ကြည့်မြင်တိုင်မြို့နယ်)၊ အလုပ်သမားဝန်ကြီးဌာန။

၃၇။ ဒေါ်စန်းစန်းဝင်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၅)၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၃၈။ လ–၆၉၅၄၈ ရဲတပ်ကြပ်ကြီးတင်ဝင်း၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၉။ ဦးလှကြည်၊ ပ–လုပ်ငန်းကြပ်၊ စက်မှုအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၄၀။ ဦးမောင်သင်း၊ အလုပ်ရုံစိတ်မှူး၊ အုတ်ကျင်းဂုန်နီစက်ရုံ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၄၁။ ဦးခင်မောင်ထွေး၊ အလယ်တန်းပြ၊ အမက(၂)၊ ငါန်းဇွန်မြို့၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၄၂။ ဦးထွေးအောင်၊ လ/ထညွှန်ကြားရေးမှူး၊ မြင်းခြံခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားဝန်ကြီးဌာန။

၄၃။ ဦးသိန်းအောင် ဒု–လ/ထကြီးကြပ်ရေးမှူး(သစ်ခွဲစက်)၊ ထုတ်လုပ်ရေးဌာန အမှတ်(၃)သစ်စက်(ဝါးတရာ)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၄၄။ ဦးဌေးအောင် လျှပ်စစ်အရန်လုပ်ငန်း ပညာသည်အဆင့်(၁)၊ အလုံဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၄၅။ အရှင်စန္ဒာဝရ၊ သံဃာတော်၊ ပိဋကတ်တိုက်ကျောင်း၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

၄၆။ ဦးတိုးကြွယ်၊ ဌာနခွဲစာရေး၊မှူခင်းရေးရာဌာနစု(မြန်မာနိုင်ငံအောက်ပိုင်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄၇။ ဦးစိုးစိုးမင်း လက်နှိပ်စက်စာရေး(ပ)၊ တိုင်းရောင်းဝယ်ရေးအရာရှိရုံး၊ (က)အဆင့်(မန္တလေးတိုင်းရုံး)၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၄၈။ ဦးစန်းလှိုင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ ရန်ကုန်ပုလင်းသွင်းစက်ရုံခွဲ (လုံခြုံရေးဌာန)၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၄၉။ ဦးမင်းစိုးအောင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ မန္တလေးအချိုရည်စက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၀။ ဦးကျော်ရွှေ၊ အလုပ်ရုံစိတ်မှူး (စီမံရေး)၊ မရမ်းကုန်း အထည်စက်ရုံ အမှတ်(၁) မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၁။ ဦးကျင်မောင် ခရိုင်စာရင်းစစ်ရုံး(အငြိမ်းစား)၊အမှတ်(၈)ရပ်ကွက်၊၅/က၊ အိမ်အမှတ်(၁၅၇)၊ အေးသုခလမ်း၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့။

၅၂။ ဦးဌေး စက်မှုကျွမ်းကျင်(၄)၊ စက်ဆင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ သံကိုယ်ထည်(၂)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၅၃။ ဦးမျိုးမြင့် စက်မှုကျွမ်းကျင်(၄) တွင်ရုံ စက်ခေါင်းစက်ရုံ (အင်းစိန်) မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၅၄။ ဦးကျော်သိန်း စက်မှုကျွမ်းကျင်(၃)ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(မန္တလေး) ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၅၅။ ဦးမျိုးသန့် ရုံးအကူ(စာပို့)၊အငှားယာဉ်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ဝန်ကြီးဌာန။

၅၆။ ဦးတင်အောင် လက်သမား(၄)၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ လူစီးတွဲရုံ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၅၇။ လ–၇၅၅၆၉ ရဲတပ်ကြပ် ကြည်သိန်း လမ်းမတော် ရဲစခန်း၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၅၈။ ဦးဝိသုတ သံဃာတော်၊ အောင်နန်းရိပ်သာကျောင်း၊ မဟာဝေယန်ဘုံသာတိုက်၊ ၃၅–၈၆ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

၅၉။ ဦးဘသန်း တောင်သူ၊ ဥယျာဉ်ရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း။

၆၀။ ဦးစိန်ဝင်း ကုန်သည်၊ ရတနာပုံ၊ အိမ်ထောင်ပရိဘောဂတိုက်၊ အမှတ် (၁၇၇)၊ ၂၆ x ၈၀ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

၆၁။ ဦးအောင်ကြိုင်(ခ)ဦးအောင်မြိုင် စက်မှုကျွမ်းကျင်(၃)၊ စက်မှု(၁)၊ စီမံရေး(၂)၊ အုတ်ကျင်း ဂုန်နီစက်ရုံ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၆၂။ ဦးလှဝင်း လုံခြုံရေး(၅) အုတ်ကျင်းဂုန်နီစက်ရုံ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၆၃။ ဦးဇော်မင်းအောင် စက်မှုကျွမ်းကျင်(၃)၊ စက်မှု၊ စက်မှုတိုင်း(၁)၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၆၄။ ဒေါ်ခင်ခင်မေ မူလတန်းပြ၊ အမက(၁၈)တာမွေ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၆၅။ ကိုယ်ပိုင်အမှတ်၊ ၄၂၁၉၃၀–ဒုတပ်ကြပ် ကြည်သိန်း၊ အမှတ်(၂) မော်တော်ယာဉ်တပ်ရင်း(အင်းစိန်)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၆၆။ ဦးဌေးမြင့် စာစစ်မှူး (ဝန်ကြီးရုံး)၊ သစ်တောရေးရာဝန်ကြီးဌာန။

၆၇။ ဦးချစ်ကြည် အငယ်တန်းလက်နှိပ်စက်(ဝန်ကြီးရုံး)၊ တွဲဖက်တာဝန်ပြည်ပငွေကောက်ခံရေးဌာနစု၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၆၈။ ဦးမြဝင်း လွှပြင်(၃)၊ အမှတ်(၆)သစ်စက် (ဗိုလ်တထောင်)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၆၉။ ဦးသိန်းဦး စက်မှုကျွမ်းကျင်(၄)၊ စက်ကိုင်၊ အမှတ်(၃)သစ်စက် (ဝါးတရာ)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၇၀။ ဦးခင်မောင်ဦး ဝိုင်းဆရာ၊ အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်) မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၇၁။ ဦးနန်းညွန့် ဒု–တပ်ခွဲမှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း၊ အမှတ်(၁၁)၊ ဒူးယားလမ်း၊ ရန်ကြီးအောင်ရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်။

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးခွန်ဂျာအောင် နည်းပြ၊ မြန်မာနိုင်ငံဂေါ့ရှူးအဖွဲ့ချုပ်။

၂။ မောင်မြခိုင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၃။ မောင်နိုင်စစ်အောင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၄။ မောင်ကျော်ခိုင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၅။ မတင်တင်ခိုင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ ၁၀ မှ

ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြရာ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ကချင်ပြည်နယ်မှ ဦးစိုင်းသိန်းအောင်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဦးစိုင်းသိန်းအောင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရာတွင် ဦးစွာ မွန်ပြည်နယ်မှ ဦးမင်းလွန်းအောင်က ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(ဦးမင်းလွန်းအောင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ပဲခူးတိုင်းမှ ဦးစောလင်းအောင်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဦးစောလင်းအောင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ မန္တလေးတိုင်းမှ ဦးမြင့်ကျော်က ဖတ်ကြားတင်ပြသည်။

(ဦးမြင့်ကျော်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ညနေ၃နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ဇန်နဝါရီ၆ရက် နံနက်၉နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဆွေးနွေးအကြံပြုချက်စာတမ်းများ ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၆ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြား တင်ပြကြရာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၌ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့ ကိုယ်စားလှယ်သုံးဦး၏ ဖတ်ကြားတင်ပြချက်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းမှ ဦးရှီသီး၊ ဧရာဝတီတိုင်းမှ ဒေါ်စန်းစန်းငွေး၊ ချင်းပြည်နယ်မှ ဦးပြေလေ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဒေါ်အေးချိုစိန်၊ မွန်ပြည်နယ်မှ ဒေါ်ခင်လေးမြင့်နှင့် ကချင်ပြည်နယ်မှ ဦးစိုင်းသိန်းအောင်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်မှ ဦးမင်းလွန်းအောင်၊ ပဲခူးတိုင်းမှ ဦးစောလင်းအောင်နှင့် မန္တလေးတိုင်းမှ ဦးမြင့်ကျော်တို့၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏စက်မှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း

ပြည်နယ်နှင့်တိုင်း ဒေသအလိုက် စက်မှုဇုန်များ တိုးတက်ဖြစ်ထွန်းလာ

နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာကဏ္ဍပေါ်တွင် အဓိက တည်မှီနေသည်။ ထို့ကြောင့် လယ်ယာကဏ္ဍကို ဦးစားပေးဆောင်ရွက်ရင်း စက်မှုကဏ္ဍကိုလည်း တစ်ပြိုင်တည်း တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြောင်းလဲတိုးတက်

စက်မှုကဏ္ဍမြင့်မားတိုးတက်စေရန်အတွက် ၁၉၉၅ခုနှစ်တွင် "မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ နိုင်ငံတော်၏ အားပေးပျိုးထောင်မှု စက်မှုကဏ္ဍဆိုင်ရာ ပညာရှင်များ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ အားကြိုးမာန်တက် ဆောင်ရွက်နိုင်မှုများကြောင့် မြန်မာ့စက်မှုလက်မှုကဏ္ဍသည် မူဝါဒများနှင့်အညီ ဦးတည်ချက်ရှိရှိ အစီအမံရှိရှိ ပြောင်းလဲတိုးတက်လာခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ကျင့်သုံးဖော်ဆောင်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကစက်မှုလုပ်ငန်းများလည်း အရှိန်အဟုန်ဖြင့် ပေါ်ထွန်းလာခဲ့သည်။ ၂၀၀၃ခုနှစ်က ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင် ၄၀၀၀၀ ခန့်ရှိခဲ့ပြီး ပြန့်ကျဲနေသော ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များကို အခြေအနေပေးသော ပြည်နယ်နှင့် တိုင်းများအတွင်းရှိနယ်မြေဒေသများတွင် စက်မှုဇုန်များထူထောင်ပေးခဲ့ရာ စက်မှုဇုန် ၁၈ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

ကြိုးပမ်းထုတ်လုပ်

စက်မှုဇုန်များသည် ပန်းပဲဖိုအဆင့်မှ လွန်မြောက်၍ ခေတ်မီစက်ကိရိယာပစ္စည်းများကို စတင်သုံးစွဲပြီး စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်လာနိုင်သည့်အဆင့်သို့ ရောက်ရှိလာခဲ့သည်။ စက်ပစ္စည်း အစိတ်အပိုင်းများကို ထုတ်လုပ်နေသည့်အဆင့်မှ အဆင့်မြင့်စက်ပစ္စည်းများ ထုတ်လုပ်နိုင်သည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ရည်မှန်းချက်ရှိရှိ ကြိုးပမ်းထုတ်လုပ်လျက်ရှိသည်။

တပ်မတော် အစိုးရလက်ထက်တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အခြေခံ၍ စက်မှုကဏ္ဍ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသအလိုက် ထူထောင်ထားသော စက်မှုဇုန်များ တိုးတက်ဖြစ်ထွန်းလာမှုကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ပြည်နယ်နှင့်တိုင်းများအတွင်းရှိ နယ်မြေဒေသများတွင် စက်မှုဇုန်များ ထူထောင်ပေးခဲ့သည်။ စက်မှုဇုန် ၁၈ခုအထိ တိုးတက်လာလျက်ရှိရာ ရန်ကုန်တိုင်းရှိ လှိုင်သာယာစက်မှုဇုန်မှ PVC ပိုက်ကြီးများ ထုတ်လုပ်နေမှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

တပ်မတော်အစိုးရလက်ထက် ဒေသအလိုက် ပေါ်ထွန်းလာသော စက်မှုဇုန်များ

စဉ်	ပြည်နယ်/တိုင်း	စက်မှုဇုန်	၁၉၈၈	၂၀၀၅
၁	ရန်ကုန်တိုင်း	ရန်ကုန် (အရှေ့ပိုင်း) စက်မှုဇုန် ရန်ကုန် (အနောက်ပိုင်း) စက်မှုဇုန် ရန်ကုန် (တောင်ပိုင်း) စက်မှုဇုန် ရန်ကုန် (မြောက်ပိုင်း) စက်မှုဇုန်	–	၄
၂	မန္တလေးတိုင်း	မန္တလေးစက်မှုဇုန်၊မြင်းခြံစက်မှုဇုန်၊မိတ္ထီလာစက်မှုဇုန်	–	၃
၃	မကွေးတိုင်း	ရေနံချောင်းစက်မှုဇုန်၊ ပခုက္ကူစက်မှုဇုန်	–	၂
၄	ပဲခူးတိုင်း	ပဲခူးစက်မှုဇုန်	–	၁
၅	ဧရာဝတီတိုင်း	ပုသိမ်စက်မှုဇုန်၊မြောင်းမြစက်မှုဇုန်၊ဟင်္သာတစက်မှုဇုန်	–	၃
၆	စစ်ကိုင်းတိုင်း	မုံရွာစက်မှုဇုန်၊ ကလေးစက်မှုဇုန်	–	၂
၇	မွန်ပြည်နယ်	မော်လမြိုင်စက်မှုဇုန်	–	၁
၈	တနင်္သာရီတိုင်း	မြိတ်စက်မှုဇုန်	–	၁
၉	ရှမ်းပြည်နယ်	တောင်ကြီး(အေးသာယာ)စက်မှုဇုန်	–	၁

အထက(၁)ပုဇွန်တောင်ကျောင်းသားဟောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

အထက (၁) ပုဇွန်တောင်ကျောင်းတွင် ၁၉၅၀မှ ၁၉၈၀ အထိ ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာကြီးနှင့် ဆရာမကြီးများပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာ ဆရာမကြီး၊ ၁၉၅၀ပြည့်နှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးအုန်းမြင့်၊ ဆရာမ ဒေါ်ကျင်ရီလေး ဖုန်း–၂၉၈၈၁၆၊ ဦးအုန်းကျော် ဖုန်း–၅၈၀၂၉၇၊ ၅၈၀၁၁၀၊ ဦးသန်းတင် ဖုန်း– ၃၇၈၄၅၇၊ ဒေါ်ခင်စန်း ဖုန်း–၅၄၉၈၃၉၊ ၅၄၈၅၄၆၊ ဒေါ်လှစိုးကြည် ဖုန်း–၂၉၅၁၂၃ တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပြီး ကန်တော့ပွဲနေ့၌ ကိုယ်တိုင်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(က–ပ)**

စာမျက်နှာ ၁၁ မှ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကပိုင်စံပြကျေးရွာ အထက်တန်းကျောင်းအတွက် ဗလာစာအုပ် ဒါဇင်၂၀၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကျေးလက်ခန်းမ၌ အသုံးပြုရန် ၂၁ လက်မရောင်စုံ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကပိုင် စံပြကျေးရွာ တိုးတက်အောင် စာကြည့်တိုက်အတွက်စာအုပ်စာတမ်းမျိုးစုံနှင့် အားကစားပစ္စည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက်၊ အင်ဗာတာနှင့် ဘက်ထရီအိုးတစ်လုံးစီနှင့် စာအုပ် စာတမ်းမျိုးစုံတို့ကို ဗဟိုအတွင်းရေးမှူးကိုယ်စား စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က ပေးအပ်လှူဒါန်းပြီး စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ကပိုင်စံပြ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့အတွက် ဝတ်စုံများကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာပေဒါနလှူဒါန်းပွဲ

ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဖွင့်လှစ်လျက်ရှိသည့် နိုင်ငံအဝန်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာပေဒါန လှူဒါန်းပွဲကို ၇–၁–၂၀၀၆ ရက်နေ့ နံနက် ၉နာရီတွင် ကျင်းပမည် ဖြစ်ပါသည်။

စာအုပ်နှင့်စာပေဒါနငွေပဒေသာပင် လှူဒါန်းလိုသော စေတနာရှင် အလှူရှင် ပုဂ္ဂိုလ်များသည် အောက်ပါလိပ်စာအတိုင်း ကြိုတင် ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂–၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၁၅၊ ၃၇၁၃၃၉၊ ၃၇၁၃၄၁၊ ၂၅၄၂၇၀။

ပဋ္ဌာန်းရွတ်ပွဲနှင့် ဝိသိဋ္ဌပူဇော်ပွဲ ကျောင်းကုန်း၌ကျင်းပ

ကျောင်းကုန်း ဇန်နဝါရီ ၂

(၁၆)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ပူဇော်ပွဲ၊ နိုင်ငံတော်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်ဆက်ကပ်ခံရသော ဘဒ္ဒန္တပညာစက္ကမဟာထေရ်ဝိသိဋ္ဌပူဇော်ပွဲနှင့် သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၄၉) ကြိမ်မြောက် စာမေးပွဲအောင်မြင်သူများ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီက ကျောင်းကုန်းမြို့နယ် ကိုင်းတာအုပ်စု ကြီးတောကျေးရွာရှိ သာသနပါလကျောင်းတိုက်တွင် ကျင်းပရာ သက်တော် (၇၇)နှစ်ပြည့် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တပညာစက္ကက ငါးပါးသီလနှင့် ဩဝါဒကထာ မိန့်ကြားတော်မူသည်။ **(ဝဲပုံ)**

ဆုချီးမြှင့်

ဆက်လက်၍ ဦးစီးပဓာနနာယကက ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကက အခြေခံအဘိဓမ္မာအထူးအောင်၊ ရိုးရိုးအဘိဓမ္မာသုံးဆင့်အောင်၊ အဘိဓမ္မာဂုဏ်ထူးဆောင် သုံးဆင့်အောင်၊ ယဉ်ကျေးမှုအထူးအောင်၊ ယဉ်ကျေးမှုနှင့် မြန်မာစာအောင်၊ အခြေခံအဘိဓမ္မာနှင့် ရိုးရိုးအဘိဓမ္မာ၊ ဂုဏ်ထူးဆောင်ပထမ၊ ဝိသုဒ္ဓိမဂ်ပထမ၊ ဒုတိယ၊ တတိယ အောင်မြင်ရရှိသူ စုစုပေါင်း ၅၁ဦးတို့အား ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(၂၆၅)**

မွန်ပြည်နယ်မှ ဖော်ထုတ်ဖမ်းဆီးရမိသော မော်တော်ယာဉ်နှင့်ဆိုင်ကယ်များ ယာဉ်ပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ပွဲကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၃၀

မွန်ပြည်နယ်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ဖော်ထုတ် ဖမ်းဆီးရမိသော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကိုဒီဇင်ဘာ ၂၇ ရက်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်သိန်းဟန်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ပိုင်ရှင်များထံပြန်လည်ပေးအပ်သည့် အခမ်းအနားသို့ ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်သိန်းဟန်၊ ပြည်နယ်တရားသူကြီး ဦးလှဝင်း၊ ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ထို့နောက် ပြန်လည်ရရှိကြသည့် မော်တော်ယာဉ်ပိုင်ရှင်နှင့်ဆိုင်ကယ်ပိုင်ရှင်များကိုယ်စား မော်တော်ယာဉ်ပိုင်ရှင် အင်းစိန်မြို့နယ်နေ ဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အခိုးခံရသော ဆန်နီစူပါစလွန်းအဖြူရောင်ကားတစ်စီးနှင့် ဆိုင်ကယ်ကိုးစီးတို့ကို ပိုင်ရှင်များထံပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(၁၆၈)**



ကျောက်တံခါးမြို့နယ် ရွှေညောင်ပင် ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

ကျောက်တံခါး ဒီဇင်ဘာ ၃၁

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ရွှေညောင်ပင်လမ်း(မြို့ပြ) ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် တက်ရောက်ပြီး ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကတ္တရာလမ်းကိုအဖွဲ့ရန်ပုံငွေကျပ် ၄၅၆၇၀၀၀ ဖြင့် အကုန်အကျခံ၍ အရှည် ၆၈၆ပေ၊ အကျယ် ၁၂ပေ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်းနှစ်လမ်းကို အဖွဲ့ရန်ပုံငွေကျပ် ၇၅ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကလောမြို့နယ် အင်းခေါင်းရေထွက်မှ ဟဲဟိုးမြို့သို့ မော်တာပန့်ဖြင့် တွန်းပို့သော ရေစက်ရုံနှင့် ရေပေးဝေမှုကို ဒီဇင်ဘာ ၁၀ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သနပ်ပင်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူ

သနပ်ပင် ဒီဇင်ဘာ ၂၃

သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဒုတိယအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၁၄ ရက်က သနပ်ပင်မြို့နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သနပ်ပင်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၄၉ ကျောင်းနှင့် သီလရှင်ကျောင်းတစ်ကျောင်းမှ ဝါဆိုသံဃာ ၁၇၇၇ပါးအတွက် ကြွရောက်အလှူခံတော်မူကြသော ဘုရားအမှူးပြု၍ သံဃာ ၁၄၉ ပါးနှင့် သီလရှင်နှစ်ပါးတို့က သနပ်ပင်မြို့နယ် စက်ကုန်းရပ်ကွက် ဓမ္မရက္ခိတကျောင်းစုရပ်မှ မြို့အတွင်းသို့ လှည့်လည်ကြွရောက်တော်မူကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့က ဆန်၊ ဆီ၊ ပဲ၊ ဆားငါးသိန်းဖိုးလောင်းလှူပြီး ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စေတနာရှင်များက အလှူငွေနှင့်ပစ္စည်း ငွေကျပ် ၁၅ သိန်းခန့်တန်ဖိုးရှိ ဆွမ်းဆန်တော်နှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လောင်းလှူပူဇော်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ဒိုက်ဦး၌ကျင်းပ

ဒိုက်ဦး ဒီဇင်ဘာ ၃၀

၁၃၆၇ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်ညက ဒိုက်ဦးမြို့ ပပဝင်းရပ်ရှင်ရုံ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စာပေဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာပေဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(ကြည်မျိုးထက်-ဒိုက်ဦး)က အမှာစကားပြောကြားပြီး စာရေးဆရာများဖြစ်ကြသည့် လယ်တွင်းသားစောချစ်၊ ချစ်ဦးညိုနှင့် အကြည်တော်တို့က စာပေရေးရာများ ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဖဲဖောင်တော်ကွင်း မြေနေရာတွင် ခြောက်ခန်းတွဲ သန့်ရှင်းရေးဝန်ထမ်းအိမ်ရာ သုံးလုံးဆောက်လုပ်မှုကို နို့ဝင်ဘာ ၂၆ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင် နေအိမ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

သန့်ရှင်းရေးဆောင်ရွက်

ရပ်စောက်မြို့နယ် ရေပေးဝေရေး အင်းခေါင်းကန် ရေထွက်ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၉ ရက်က မြို့နယ် အတွင်းရေးမှူး ဦးအောင်မြင့်သိန်း၊ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ရေရရှိရေး

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဒီဇင်ဘာ၅ရက်က ဆမီးကျေးရွာ ရေရရှိရေး လုပ်ငန်း အခြေအနေကိုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ခင်ဦး၌ကျင်းပ

ခင်ဦး ဒီဇင်ဘာ ၂၀

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ခင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါ်စမ်းစမ်းမြင့်က အေအိုင်ဒီအက်(စ်)နှင့် တီဘီရောဂါ ဆက်နွယ်နေပုံကိုလည်းကောင်း၊ ကျန်းမာရေးမှူး(၁)ဦးမျိုးမြင့်က အိပ်ချ်အိုင်ဗွီရောဂါ လက္ခဏာနှင့် ကာကွယ်ပုံအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီ၌ လယ်ယာ(၁၆)လက်တွန်းထွန်စက် လွှဲပြောင်းပေးအပ်

မြဝတီ ဒီဇင်ဘာ ၂၇

ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနက မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူခဲ့သော လယ်ယာ(၁၆)လက်တွန်းထွန်စက် အစီး၂၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးနှင့်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းထွတ်တို့က အမှာစကား ပြောကြားကြပြီး လက်တွန်းထွန်စက်အစီး ၂၀ နှင့်ပတ်သက်သော စာရွက်စာတမ်း များကို ပြည်နယ်စက်မှုလယ်ယာ ဦးစီး ဌာနဦးစီးမှူးဦးသန်းထွတ်က ဝယ်ယူသူ တောင်သူများကိုယ်စား မြဝတီမြို့နယ် ဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုထံ လွှဲပြောင်း ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် စက်မှုလယ်ယာကူးပြောင်း ရေးအတွက် ကရင်ပြည်နယ် အတွင်း လယ်ယာ(၁၆)လက်တွန်းထွန်စက်၇၇စီး၊ လယ်ယာ(ကျွဲ) ကိုးစီးနှင့်စပါးရိတ်စက် ခုနစ်စီး ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ် ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖန်းမော်မြို့၌ ခွန်သာလမ်းသွယ် ကျောက်ချောလမ်းဖွင့်

ဖန်းမော် ဇန်နဝါရီ ၃

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ခွန်သာရပ်ကွက် ခွန်သာလမ်းသွယ် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက အဆိုပါ ကျောက်ချော လမ်းသစ်ထိပ် မုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိန်ဝင်းနှင့် ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးလှသောင်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က ကျောက်ချော လမ်းသစ် ဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လမ်းသစ် ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို တာဝန်ရှိသူများထံပေးအပ်ပြီး ကျောက် ချောလမ်းသစ်ကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်နှင့် အမှုဆောင် အရာရှိ ဦးအောင်ကိုလတ်တို့က ဖဲကြိုး ဖြတ်၍ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ခွန်သာလမ်းသွယ် ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅- ၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြု ရန်ပုံငွေကျပ်၂၈သိန်း ကုန်ကျခံ၍ ဆောင် ရွက်သော ကျောက်ချောလမ်းကို တက် ရောက်လာကြသည့် ဧည့်သည်တော် များက လမ်းသစ်တစ်လျှောက်လိုက်လံ ကြည့်ရှုကြသည်။ **(မြို့နယ် စည်ပင်)**

ပုသိမ်မြို့ အမှတ်၂ရပ်ကွက် အမှတ် (၄) သီတာလမ်းနေ ဒေါ်ညိုညို၏ မွေးနေ့အလှူအဖြစ် အမှတ် ၃ရပ်ကွက် သိမ်တော်ကြီး ဇေယျဝံသ ပရိယတ္တိ စာသင်တိုက် ဝင်းအတွင်းရှိ ကရုဏာလူမှုကူညီ ရေးအသင်းသို့ အလှူငွေကျပ် ငါးသောင်းကို တတိယအကြိမ် ပေးအပ်လှူဒါန်းရာ အသင်းအတွင်း ရေးမှူး ဦးဇော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က-ပ)

ကျေးရွာချင်းဆက်ကျောက်ချောလမ်း

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကတ်ဝိုး-ဝမ်ကမ်နွဲ့ ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၁၈ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစံလင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ဓနုဖြူ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

ဓနုဖြူ ဒီဇင်ဘာ ၂၀

ဓနုဖြူမြို့နယ် စာပေနှင့်စာနယ် ဇင်းအဖွဲ့ စတုတ္ထအကြိမ်မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက် ပွဲကို ဒီဇင်ဘာ ၄ရက် နံနက် ၉နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ ဦးသောင်း (မောင်သောင်း- ညောင်ချောင်း)နှင့် ဓနုဖြူမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ(ဓနုဖြူ-သန်းဆွေသစ်) တို့က အမှာစကား ပြောကြားကြသည်။

အတည်ပြု

ထို့နောက် မြို့နယ်အမှုဆောင် အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးအေးကြူ(ဆကာကြီး-အေးကြူ)နှင့် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးတင်မင်း(သတင်းထောက်-တင်မင်း) တို့က ဖတ်ကြားရှင်းလင်းတင်ပြရာ အဖွဲ့ဝင် ဒေါ်ညိုညိုတင်(သဇင်နီနီ) နှင့် ဦးစောထွန်း(စောထွန်း-မြန်မာ့ ဂုန်လျှော်)တို့က ထောက်ခံဆွေးနွေး အတည်ပြုကြသည်။

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ (ဓနုဖြူ-သန်းဆွေသစ်)၊ အတွင်းရေးမှူး ဦးအေးကြူ(ဆကာကြီး-အေးကြူ)၊ ဘဏ္ဍာရေးမှူး ဦးတင်မင်း(သတင်း ထောက်-တင်မင်း)တို့ ပါဝင်သော အမှုဆောင်အဖွဲ့နှင့် ညီလာခံကိုယ်စား လှယ်အဖြစ် မြို့နယ်စာပေနှင့်စာနယ် ဇင်းအဖွဲ့ဥက္ကဋ္ဌဦးသန်းဆွေ (ဓနုဖြူ- သန်းဆွေသစ်)တို့ကို ရွေးချယ်တင် မြှောက်ကြသည်။ **(ဝ၈၅)**

တပ်ကုန်းမြို့၌ စာပေဟောပြော

တပ်ကုန်း ဒီဇင်ဘာ ၁၀

တပ်ကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ (၁၃၆၇ ခုနှစ်) စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုပေးပွဲကို ဒီဇင်ဘာ ၂၁ ရက် ည ၇ နာရီက ဗုဒ္ဓသာသနာ့ဗိမာန်၌ ကျင်းပရာ စာရေးဆရာနီကိုရဲ၊ အကြည်တော်နှင့် အဏ္ဏဝါစိုးမိုးတို့က ဟောပြောကြ ကြောင်း သိရသည်။ **(၂၆၆)**

တိုက်ကြီးမြို့ သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် စုပေါင်းရုံးလမ်း တစ်လျှောက် နှစ်ရှည်ပင်များ ပြုပြင်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၆ရက်က ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ချိုချိုမြင့်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၇-၁-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ် နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မြန်မာ့သစ်တောများ ရေရှည်ရေး အတွက် မြန်မာ့သစ်တောဘဏ်)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) လွတ်လပ်ရေးကိုထိန်းသိမ်းပါ (ခေါင်းကြီး)
(၂) ရင်နှင့်အမျှ (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၂း၁၅ နေ့စဉ်သုံးအီဒီသစ်
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း-စိတ်ကြိုက်မြန်မာစာ)

ညနေပိုင်း

၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အလှအပအတွက် အနားယူ အပန်းဖြေခြင်း-မေလေး)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ထင်ရှူးရိပ်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဇေယျာနိုင်၏ လိုသောဆု တေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရဘဲ-စွန်ကြီးကျေးရွာချင်းဆက် မြေသားလမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်လှနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင်အုံးတို့က လုပ်ငန်းများကွင်းဆင်းကြီးကြပ်ပေးစဉ်။(မြို့နယ် စည်ပင်)

ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အမှတ် ၅ရပ်ကွက် အတွင်း လေးလက်မ ပီဗွီစီ ပိုက်ပေ၁၄၄၀တိုးချဲ့ဆက် သွယ် ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၂ ရက်က အမှုဆောင်အရာရှိဦးညွန့်ဝေ၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမြသိန်းဝင်းနှင့်ဦးချမ်းသာအောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ဒီဇင်ဘာ၂၉ရက်က မြောက်ဥက္ကလာပ မြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေး ကျောင်းတိုက်အတွင်းဆောက်လုပ်နေသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီး အတွက် (၄)ရပ်ကွက် သုဓမ္မာလမ်းမ အမှတ် ၁၀၉၇ နေ ဘုရားဒါယကာကြီး ဦးခက ဒုတိယအကြိမ် အလှူတော်ငွေကျပ် ငါးသိန်းကို ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဗုဒ္ဓိရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က လက်ခံရယူစဉ်။ (က-ပ)

ပဋ္ဌိစ္စသမုပ္ပါဒ်တရား ဟောကြားပြသမည်

ရန်ကုန် ဇန်နဝါရီ ၅

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းနှင့် ဝဏ္ဏသီဂီလမ်းထောင့်ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၂၇၆)တွင် ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇန်နဝါရီ ၁၃ရက်မှ ၂၀ရက်အထိ ပဓာန နာယက ဆရာတော် ဦးပုည အမှူးထားပြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဝိဇ္ဇာလင်္ကာရကျောင်းတိုက် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝိသိဋ္ဌာဘ အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၅၅၉၆၀၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မွန်ပြည်နယ်တရားရုံးကြီးမှူး စာရေးဝန်ထမ်းများ လေ့ကျင့်သင်ကြားရေးသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၂

မွန်ပြည်နယ် တရားရုံးက ကြီးမှူးဖွင့်လှစ်သော တရားရေးဆိုင်ရာ စာရေးဝန်ထမ်းများ လေ့ကျင့်သင်ကြားရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၆ရက်က မွန်ပြည်နယ် တရားရုံးခန်းမ၌ ကျင်းပသည်။ သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် တရားသူကြီးဦးလှဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်နှင့် ထူးချွန်ဆုရရှိသူများအား တစ်ဦးချင်း ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၅

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁နာရီက မြို့နယ် ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဒေါ်ခင်ခင်စိန်(ယုဝတီ-ခင်စိန်လှိုင်) နှင့် ဦးခင်လှိုင်(ချစ်မိုးညို)တို့က အမှာစကားပြောကြားပြီး မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်သစ်အဖြစ် ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဇူး)၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်(ဦးခင်ဇော်-မရမ်းကုန်း)၊ အတွင်းရေးမှူး ဦးထင်ကျော်မိုး (မြေလတ်- ထင်ကျော်မိုး)၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းသိန်း (မျိုးမင်းသိန်း-ရွှေမြိုင်)၊ ဘဏ္ဍာရေးမှူး ဦးအေးကို(မောင်အေးကို-ယမုံနာ)နှင့် အမှုဆောင် ကိုးဦး ပါဝင်သော အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် စာပေညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးကျော်စိုး (မောင်ကျေးဇူး)နှင့် ဦးခင်လှိုင် (ချစ်မိုးညို)တို့အား ရွေးချယ်ကြကာ အမှုဆောင်သစ်များ ကတိသစ္စာခံယူကြသည်။ **(အပေါ်ဝဲပုံ)** (၄၂၁)

ကွယ်လွန်သူ ဦးထွန်းတင် တစ်နှစ်နှင့် နှစ်လပြည့်အားရည်စူး၍ အမှတ် ၁၂၆ (အေ)ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ်နေ ဇနီးဒေါ်တင်ရွှေ၊ သမီးမယဉ်မျိုးထွန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း ပဒေသာပင်အတွက်အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံရယူစဉ်။

(က-ပ)

ဇီဝဒီဇယ်ဖြင့် လက်တွန်းထွန်စက်မောင်းနှင် သရုပ်ပြ

စစ်ကိုင်း ဒီဇင်ဘာ ၂၀

စစ်ကိုင်း မြို့နယ် ပဲကတိုးကျေးရွာ လယ်ကွင်း၌ စက်မှုလယ်ယာဦးစီးဌာနက ဇီဝဒီဇယ်ဆီဖြင့်လယ်ယာ-၁၆ လက်တွန်းထွန်စက် မောင်းနှင်သရုပ်ပြပွဲကို ဒီဇင်ဘာ ၅ရက်က ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့်ဒေသခံတောင်သူ လယ်သမားများ တက်ရောက်ကြသည်။ အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးချစ်သန်းနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်သူရတို့က ခြံစည်းရိုးကြက်ဆူရိုင်းစေ့မှထုတ်လုပ်ရရှိသည့် ဇီဝဒီဇယ်ဆီ၏ အကျိုးသက်ရောက်မှု၊ စိုက်ပျိုးမြေဖြစ်ထွန်းမှုနှင့် လယ်ယာ-၁၆ လက်တွန်း ထွန်စက်တည်ဆောက်ထားရှိမှု ထုတ်လုပ်ရောင်းချမှု၊ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းမှု အခြေအနေများကို စက်ပစ္စည်းရုပ်ပုံကားချပ်ဇယားများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဇီဝဒီဇယ်ဆီဖြင့် လယ်ယာ-၁၆ လက်တွန်းထွန်စက် မောင်းနှင်၍ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်းများ လက်တွေ့သရုပ်ပြကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနကြီးမှူး ကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပ

မကွေး ဒီဇင်ဘာ ၁၇

မကွေးတိုင်း ကျန်းမာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျန်းမာရေး ဆိုင်ရာ ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၆ရက်က မကွေးမြို့ ကုန်သည်ကြီးများအသင်းရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ မကွေးတိုင်း ဆရာဝန်ကြီး ဒေါက်တာ မြင့်အောင်က**(အပေါ်ပုံ)** အိပ်ချ်အိုင်ဗွီ၊ အေအိုင် ဒီအက်(စ်)ရောဂါကာကွယ်တားဆီးရေး၊ မကွေးတိုင်း တီဘီရောဂါ တိုက်ဖျက်ရေးဌာန ဒေါက်တာ ဦးမြင့်ဆန်းက တီဘီရောဂါကာကွယ် တားဆီးရေး၊ မကွေးတိုင်း လက်ထောက်ညွှန်ကြား ရေးမှူး (သူနာပြု)ဒေါ်ခင်မာကြည်က ပတ်ဝန်းကျင် ကျန်းမာရေး (အရက်၊ ဆေးလိပ်၊ ကွမ်း) ကင်းဝေးရေး၊ တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းအဖွဲ့ ဒေါက်တာ ဦးမောင်မောင်ဇင်က ကြက်ငှက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ မကွေးတိုင်း ပြည်သူ့ ဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်သိန်းက ယာဉ်အန္တရာယ်ကာကွယ် တားဆီးရေး ခေါင်းစဉ်များဖြင့် ပညာပေး ဟောပြောရာ ကျောင်းသား ကျောင်းသူလူငယ်များ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ချောက်မြို့ စလေ-ပခန်းငယ်နှင့် စလေဈေးမြောက်ဘက်ကျေးလက်ကျောက်ချောလမ်းသစ်များဖွင့်

ချောက် ဇန်နဝါရီ ၃

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စလေ-ပခန်းငယ်လမ်းနှင့် စလေဈေးမြောက်ဘက်လမ်း ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲများကို ဒီဇင်ဘာ ၃၁ရက်က အဆိုပါလမ်းမှခ်ဦးများရှေ့၌ ကျင်းပကြသည်။

အခမ်းအနားတွင် မြို့နယ် စည်ပင် သာယာရေး အဖွဲ့အမှုဆောင် အရာရှိ ဦးစိုးသန်းက ကျောက်ချော လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နံနက် ၉နာရီတွင် စလေ-ပခန်းငယ် ကျောက်ချော လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှု ဆောင်အရာရှိတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စလေဈေးမြောက်ဘက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို နံနက် ၁၁နာရီက အဆိုပါမှခ်ဦး၌ ကျင်းပရာ အမှုဆောင်အရာရှိ ဦးစိုးသန်းက ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးစိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စလေဈေးမြောက်ဘက်လမ်းကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေရှိကြောင်းသိရသည်။ **(နယ်စပ်/**

ပုံပါကျင်မြို့၌ စည်ပင်သာယာရေးလုပ်ငန်းများရှင်းလင်း

ပုံပါကျင် ဒီဇင်ဘာ ၁၀

ပုံပါကျင်မြို့ စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများကို ပြည်သူများ ပူးပေါင်း ဆောင်ရွက်လာစေရန်အတွက်စည်ပင်သာယာရေးလုပ်ငန်းစဉ် (၃၁)ရပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှု(၅)ရပ်နှင့် မြို့သာယာလှပရေး (၁၆)ချက်တို့ကို မြို့တာဝန်ခံ ဦးဇော်မိုးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဝင်းနိုင်ထူးတို့၏ ရှင်းလင်း ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁ရက်က ပုံပါကျင်မြို့ မြို့မဈေး၌ ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ တက်ရောက် ဆွေးနွေးကြကြောင်း သိရသည်။ **(အောက်ပုံ)(မြို့နယ် စည်ပင်)**

လားရှိုးမြို့နယ်ကျေးရွာများ ရေရရှိရေး ဆောင်ရွက်

လားရှိုး ဒီဇင်ဘာ ၃၀

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် အတွင်း ကျေးရွာခြောက်ရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် လက်တူးတွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ၂၂ရက်က လက်ထောက်အင်ဂျင်နီယာဦးသိန်းတန် ဦးဆောင်၍ ကွင်းဆင်းကာ ရေရရှိရေး ဆောင်ရွက်ပေးကြောင်း သိရသည်။

(ယာပုံ) (မြို့နယ်စည်ပင်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ

ရန်ကုန် ဇန်နဝါရီ ၅

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့်

စာမျက်နှာ ၁၀ ကော်လံ ၁ ✡

ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဇန်နဝါရီ၃ ရက်က ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဖြစ်သည့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်တို့ ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပို လေးမျက်နှာ ပူးတွဲပါရှိပါသည်။ **(မြန်မာ့အလင်း)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

❒ ပြည်သူ့လွှတ်တော်မှာ ရွေးကောက်တင်မြှောက်တဲ့ကိုယ်စားလှယ်က ၃၃၀ ပါဝင်ပြီး တပ်မတော်သား ကိုယ်စားလှယ်က ၁၁၀ ပါဝင်မှာဖြစ်တယ်။ အလားတူပဲ အမျိုးသားလွှတ်တော်မှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ် ၁၆၈ ဦးနဲ့ တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦးပါဝင်မှာဖြစ်တယ်။ အလားတူပဲ တိုင်းဒေသကြီးလွှတ်တော်၊ပြည်နယ်လွှတ်တော်တွေမှာလည်း ရွေးကောက်တင်မြှောက်တဲ့ကိုယ်စားလှယ်တွေနဲ့ ၎င်းတို့ရဲ့ သုံးပုံတစ်ပုံနဲ့ညီမျှတဲ့ တပ်မတော်သား ကိုယ်စားလှယ်တွေပါဝင်မှာဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေမှာလည်း ဦးစီးအဖွဲ့ဝင် စုစုပေါင်းရဲ့ လေးပုံတစ်ပုံဟာ တပ်မတော်သား ကိုယ်စားလှယ်တွေပါဝင်မှာဖြစ်တယ်။

❒ တပ်မတော်သားကိုယ်စားလှယ် ပါဝင်မှုအချိုးအစားကလည်း ကိုယ်စားလှယ်အားလုံးရဲ့ လေးပုံတစ်ပုံ၊ တစ်နည်းပြောရရင် အရွေးချယ်ခံ ကိုယ်စားလှယ်အားလုံးရဲ့ သုံးပုံတစ်ပုံသာဖြစ်လို့ ဘယ်လိုမှ လွှမ်းမိုးမှုမပြုနိုင်ဘဲ အချင်းချင်းအပြန်အလှန် ထိန်းညှိမှုသာ ပြုနိုင်တဲ့အခြေအနေဆိုတာ ရှင်းရှင်းလင်းလင်း မြင်နိုင်ပါတယ်။

❒ လွှတ်တော်အဆင့်ဆင့်မှာတင်သွင်းတဲ့ ဥပဒေမှန်သမျှကို အများစုရဲ့ဆန္ဒနဲ့အညီ ဆုံးဖြတ်အတည်ပြုရမှာဖြစ်လို့ ဒီလို တပ်မတော်သားတွေ ပါဝင်နေတာဟာ ဒီမိုကရေစီအနှစ်သာရကိုမထိခိုက်ဘဲ ဒီမိုကရေစီအနှစ်သာရ အပြည့်အဝရှိနေတယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။

❒ ကျွန်တော်တို့အားလုံး အနာဂတ်နိုင်ငံတော် ထွန်းကားတိုးတက်အောင် ပခုံးနဲ့ ထမ်းတင်ကြရာမှာ ဒီမိုကရေစီအနှစ်သာရကိုလည်း မထိခိုက်အောင်၊ ညှိနှိုင်းထိန်းသိမ်းနိုင်မှုလည်းရှိအောင်၊ အင်တိုက်အားတိုက်လည်း ဆောင်ရွက်နိုင်အောင် တပ်မတော်က ပါဝင်ထမ်းဆောင်သွားမှာဖြစ်လို့ တိုင်းကျိုးပြည်ပြု စိတ်ထားရှိသူတိုင်းက လိုလားနှစ်သက်ကြမှာ အမှန်ပါပဲ။

❒ ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်အောင် လွှတ်တော်အသီးသီးမှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်မဟုတ်သူ (Non elective seats) တွေကို ခန့်အပ်တာဝန်ပေးပြီး ဖွဲ့စည်းဆောင်ရွက်နေတဲ့ နိုင်ငံပေါင်း ၃၀ နီးပါး ရှိနေတယ်။

❒ ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ ဒီမိုကရေစီစနစ်ကို ကိုယ်စီကိုယ်င ကျင့်သုံးကြရာမှာ ကိုယ့်နိုင်ငံရဲ့ သမိုင်းအစဉ်အလာ၊ ပကတိအခြေအနေတွေနဲ့ လိုက်လျောညီထွေလည်းဖြစ်အောင်၊ မိမိနိုင်ငံအကျိုးကိုလည်း အကောင်းဆုံး ဖော်ဆောင်နိုင်အောင်၊ ဒီမိုကရေစီလည်းကျအောင် ဖော်ဆောင်နေကြတာတွေ တွေ့ရတယ်။

❒ တပ်မတော်ဟာ ပင်ကိုဗီဇအားဖြင့် နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်နေတဲ့၊ သမိုင်းအစဉ်အလာကြီးမားတဲ့ အမျိုးသားရေးအင်အားစုကြီးဖြစ်တာနဲ့အညီ နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို အခါမလပ် မျက်ခြည်မပြတ်ဘဲ အနာဂတ်မှာလည်း ဒီမိုကရေစီအနှစ်သာရနဲ့အညီ ဖော်ဆောင်ပေးသွားရမှာပဲဖြစ်တယ်။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ အပိုင်း(၃) ဆောင်းပါး (စာ – ၈ နှင့် ၉)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကျင်းပသည့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ကိုယ်စားလှယ်(၆)ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက် စာတမ်းအနက် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဖြစ်သည့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စုပေါင်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုအားလုံး၊ တစ်နည်းအားဖြင့် နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနေထိုင်နိုင်ရေးသည် ပဓာနကျသော အချက်တစ်ချက်ဖြစ်ပါကြောင်း၊ ယင်းသို့ စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရန် အတွက် နိုင်ငံအတွင်း၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပြည့်စုံထွန်းကားနေရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ယင်းတို့ကိုဖော်ဆောင်ပေးနိုင်ရန် မရှိမဖြစ်လိုအပ်သည့် အရာမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ပင် ဖြစ်ပါကြောင်း၊ ယင်းအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ဖို့ရာမှာလည်း နိုင်ငံသားတိုင်းမှာ တာဝန်ရှိသကဲ့သို့ ညီလာခံကိုယ်စားလှယ်တော်ကြီးများအားလုံးမှာလည်း ပို၍ပင် တာဝန်ရှိကြပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ထဲတွင် နိုင်ငံတော်ကို မည်ကဲ့သို့ တည်ဆောက်မည်၊ မည်သည့်ပုံစံဖြင့် ဖွဲ့စည်းမည်၊ မည်သည့်စနစ်ဖြင့် ထူထောင်မည်၊ အာဏာများကို မည်ကဲ့သို့ ခွဲဝေကျင့်သုံးမည်၊ တာဝန်များကို မည်ကဲ့သို့ ပိုင်းခြားအကောင်အထည်ဖော်မည်၊ နိုင်ငံတော်အစိုးရအား မည်ကဲ့သို့ ကန့်သတ်ပေးရမည်၊ နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်များ မည်သို့ရှိရမည်စသည်များ ပါဝင်မှာဖြစ်သဖြင့် အခြေခံဥပဒေတစ်ရပ်သည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ ပဋိညာဉ်စာချုပ် တစ်ရပ်ပင် ဖြစ်ပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်ကြီးများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ရှေးရှုလျက် တာဝန်သိသိ၊ သစ္စာရှိရှိ အားကြိုးမာန်တက်ဆောင်ရွက်လာခဲ့ကြသည်မှာ ၁၉၉၃ခုနှစ်မှ ယနေ့တိုင်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး အခန်းကဏ္ဍများသည် ပြည်သူများ နေ့စဉ်ထိတွေ့ရင်ဆိုင်နေရသော အခန်းကဏ္ဍများဖြစ်သဖြင့် အချိန်ယူစဉ်းစားပြီး ဆွေးနွေးခဲ့ကြသည်မှာလည်း သဘာဝကျပါကြောင်း၊ ယခုတစ်ဖန် လွှတ်တော်များ အခန်းကဏ္ဍတွင်လည်း တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအနက် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများကို ပထမ ဆွေးနွေးလိုပါကြောင်း။

ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် နာယကတာဝန်ကို ပြည်သူ့လွှတ်တော်သက်တမ်း၏ ပထမလပေါင်း ၃၀ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ထမ်းဆောင်ရမှာဖြစ်ပြီး ကျန်သက်တမ်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ယူထမ်းဆောင်ရမှာဖြစ်ကြောင်းဟု ပါရှိခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး ခေါ်ယူရမည့်အချိန်မှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၏ ဥက္ကဋ္ဌများလည်း ရွေးချယ်ပြီးလောက်သောအချိန် ဖြစ်ပါကြောင်း၊ အာဏာသုံးရပ်ကို ပိုင်းခြားသုံးစွဲသည့် စနစ်မှာ ပြည်ထောင်စုလွှတ်တော်ကို ပြည်ထောင်စုလွှတ်တော်အကြီးအကဲဖြစ်သည့် ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပပေးသင့်ပါကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ခဲ့စဉ်ကလည်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ပြီးသည့်အခါတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများ သတ်မှတ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပြည်ထောင်စု ဝန်ကြီးဦးရေ သတ်မှတ်ခြင်း၊ တိုးခြင်း၊ လျှော့ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ပြုလုပ်နိုင်ကြောင်း၊ တစ်ဖန် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရန်ဖြစ်ကြောင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့စဉ်ကလည်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်၏ အမည်စာရင်းကိုလည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတသည် မိမိရာထူးသက်တမ်း စတင်ချိန်၌ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့ တစ်ပြိုင်တည်း သက်ဝင်လှုပ်ရှားလာနိုင်စေရန် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ရယူရန်အတွက် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးမှ တင်ပြရမှာဖြစ်ပါကြောင်း၊ ယင်းသို့ တင်ပြနိုင်အောင် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်သည့်နေ့မှ ၁၅ရက်အတွင်း ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ကျင်းပရန် သတ်မှတ်မည်ဆိုလျှင် လျော်ကန်သင့်မြတ်မည်ဟု သဘောရရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးများကိုမူ တစ်နှစ်တွင် အနည်းဆုံးတစ်ကြိမ် ကျင်းပပေးသင့်ပါကြောင်း၊ အနည်းဆုံးဟု သုံးထားသည့်အတွက်တစ်ကြိမ်ထက်ပိုပြီး ခေါ်ယူနိုင်ခွင့်လည်း ရှိမှာဖြစ်ပါကြောင်း၊ ပုံမှန်အစည်းအဝေးများကိုမူ တစ်ကြိမ်နှင့်တစ်ကြိမ်အကြား ၁၂လထက် မပိုစေရဟု သတ်မှတ်မည်ဆိုလျှင် လျော်ကန်သင့်မြတ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

"ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပရမည်"

ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

ထို့ကြောင့် တစ်နှစ်တွင် ကျင်းပရမည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး အရေအတွက်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော် နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးရမည်ဆိုလျှင်–

ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ တက်ရောက်ပြီး မိန့်ခွန်းပြောကြားမည်ဆိုလျှင် ယင်းမိန့်ခွန်းကို မှတ်တမ်းတင်ထားသင့်ပါကြောင်း၊ အကယ်၍ သဝဏ်လွှာပေးပို့မည်ဆိုလျှင်လည်း လွှတ်တော်၌ ဖတ်ကြားတင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကိုလည်း ဆောင်ရွက်သင့်ပါကြောင်း၊ အခြားသဝဏ်လွှာများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော် နာယကက စိစစ်ခွင့်ပြုသော သဝဏ်လွှာများကို ဖတ်ကြားတင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်သင့်ပါကြောင်း။

ဥပဒေတစ်ရပ်ဖြစ်လာရန် ဥပဒေကြမ်းတင်သွင်း ဆွေးနွေးဆုံးဖြတ်ခြင်းဆိုသည့် ဥပဒေပြုလုပ်ငန်းသည် ဥပဒေပြုလွှတ်တော်၏ ပင်မလုပ်ငန်းတာဝန်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်း တင်သွင်းအတည်ပြုခြင်းကို လွှတ်တော်နှစ်ရပ်စလုံး၌ ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းတစ်ခုနှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အခါတွင် လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေးကျင်းပပြီး ဆွေးနွေးဆုံးဖြတ်သင့်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပြုလုပ်ငန်းတွင် ပါဝင်သည့် ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက ဆောင်ရွက်ရမည်ဟု သတ်မှတ်သင့်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်က အတည်ပြုပြီးသည့်နောက် ဥပဒေအဖြစ် လက်မှတ်ရေးထိုးထုတ်ပြန်ကြေညာပေးရန် ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတထံ တင်ပြကြရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတက ဥပဒေကြမ်းကို သဘောတူလျှင် လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်က ပြန်လည်စဉ်းစားသင့်သည်ဟု သဘောရရှိလျှင် သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ဥပဒေကြမ်းကို လွှတ်တော်သို့ ပြန်လည်ပေးပို့ခွင့်ရှိရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်စဉ်းစားနိုင်ရန် ပေးပို့လာသည့် ဥပဒေကြမ်းများကို ပြည်ထောင်စု လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရန် သတ်မှတ်ထားသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း ဖွဲ့စည်းထားခြင်းဖြစ် ပြည်ထောင်စု လွှတ်တော်ကို ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပပေးသင့်

ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများနှင့် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည့် အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်က တင်သွင်းသည့် အစီရင်ခံစာများရှိခဲ့လျှင် ယင်းအစီရင်ခံစာများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ် အနေဖြင့် အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း၊ တစ်ဖန် ဥပဒေကြမ်းတင်သွင်းသည့်အဆိုများ၊ အစိုးရအဖွဲ့က ဆောင်ရွက်ပေးလိုသည့် အဆိုများ၊ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်းပြီး လွှတ်တော်က ဆောင်ရွက်လိုသည့် အဆိုများကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းဆိုသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အနေဖြင့် အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း။

လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အစိုးရအဖွဲ့၏ မူဝါဒများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် သက်ဆိုင်သည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး မေးခွန်းများ မေးမြန်းကြမှာဖြစ်ပါကြောင်း၊ မေးမြန်းသည့် မေးခွန်းများသည် လွှတ်တော် ဥပဒေများ၌ သတ်မှတ်ထားသည့်စည်းကမ်းနှင့် ညီညွတ်လျှင် မေးခွန်းများကို ဖြေကြားသည့် အဖွဲ့အစည်းကလည်း လွှတ်တော်ကိုယ်စားလှယ်များကိုရော၊ ပြည်သူများကိုပါ အသိပေး ဖြေကြားရသည့်သဘောနှင့် မှန်ကန်ရှင်းလင်းစွာ ဖြေကြားကြရပါကြောင်း၊ ထို့ကြောင့် မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ် အနေဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ထည့်သွင်းသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်သင့်သည့် အခြားကိစ္စရပ်များ ရှိလာခဲ့လျှင် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြု

အချပ်ပို (ခ) သို့

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်စဉ်းစားနိုင်ရန် ပေးပို့လာသည့် ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရန် သတ်မှတ်ထားသင့်

အချပ်ပို (က) မှ

ချက်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို တင်ပြပြီး ဆွေးနွေးဆောင်ရွက်နိုင်အောင် ပြည်ထောင်စု လွှတ်တော်နာယကက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်းဆိုသည့် အသေးစိတ် အခြေခံရမည့်မူများလည်း ချမှတ်သင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး–

“ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကိုဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသည့်အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ဆွေးနွေးခြင်း၊ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ဖြေကြားခြင်း၊

(ဈ) ပြည်ထောင်စုလွှတ်တော်နာယကက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း’’

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း ဆွေးနွေးအကြံပြုလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် စပ်လျဉ်းပြီး ထူးခြားသည့်အခြေအနေများ ပေါ်ပေါက်သည့်အတွက်ကြောင့် လွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူရသည့်ကိစ္စမျိုး ပေါ်ပေါက်နိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ယင်းသို့ အခြေအနေမျိုးပေါ်ပေါက်ခဲ့လျှင် ဆောင်ရွက်နိုင်အောင် ပြည်ထောင်စု လွှတ်တော်၏ အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူ ကျင်းပနိုင်သည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုလွှတ်တော်နာယကကို အပ်နှင်းသင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေးနှင့်စပ်လျဉ်းပြီး–

‘‘ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စု လွှတ်တော် နာယကက ခေါ်ယူကျင်းပနိုင်သည်’’

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်တော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ အကြောင်းကြားချက်အရ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး၊ သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရေးနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြရမည်ဆိုလျှင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်စပ်လျဉ်းပြီးထူးခြားသည့်အခြေအနေများပေါ်ပေါက်သည့်အတွက် အရေးကြီးဆောင်ရွက်ရမည့်အချိန်အခါမျိုး ကြုံလာလျှင်သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရက တင်သွင်းထားသည့် ဥပဒေကြမ်းတစ်ရပ်သည် အများပြည်သူအကျိုးငှာ ဆောလျင်စွာ ဆွေးနွေးဆုံးဖြတ်သင့်သည့် ဥပဒေကြမ်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတက အများပြည်သူအကျိုးအတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူရန် လိုအပ်သည့် အချိန်အခါနှင့် အခြေအနေမျိုးတွင် နိုင်ငံတော် သမ္မတက ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး၊ သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူပေးရန် ပြည်ထောင်စုလွှတ်တော်နာယကထံ အကြောင်းကြားလာလျှင် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး၊ သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူပေးရမည်ဆိုသည့် အသေးစိတ်အခြေခံရမည့်မူကို ထည့်သွင်းသတ်မှတ်ထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့်–

‘‘ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်’’

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်က အကြောင်းအရာတစ်ခုခု အခြေအနေတစ်ရပ်ရပ်ပေါ်မူတည်ပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် တောင်းဆိုလာခဲ့မည်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ အနည်းဆုံးလေးပုံတစ်ပုံက တောင်းဆိုမှသာလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယက က အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပပေးရန် အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက တောင်းဆိုနိုင်သည့် အခွင့်အရေးနှင့် စပ်လျဉ်းပြီး–

“ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ အထမြောက်ရန် အနည်းဆုံးလိုအပ်မည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရာတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပမည်ဆိုလျှင် အချိန်အခါ အခြေအနေမရွေး အစည်းအဝေး တက်ရောက်နိုင်ခြေရှိမည့်ဦးရေ ရှိသင့်ပါကြောင်း၊ သို့ရာတွင် လွှတ်တော်က ဆုံးဖြတ်ပေးရမည့် ကိစ္စတစ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ် အနည်းငယ်၏ ဆန္ဒသဘောထားနှင့် ဆုံးဖြတ်သည့် အနေအထားမျိုးမဖြစ်ရအောင်လည်း ချင့်ချိန်သတ်မှတ်ရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့အစည်းအဝေး အထမြောက်ရေးနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အများစု တက်ရောက်မှသာ၊ တစ်နည်းအားဖြင့် ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်ဟု သတ်မှတ်မည်ဆိုလျှင် လျော်ကန်သင့်မြတ်မည်ဟု သဘောရရှိပါကြောင်း၊ ပထမနေ့တွင် အစည်းအဝေးအထမြောက်ခဲ့လျှင် ယင်းအစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမှာဖြစ်ပါကြောင်း၊ ဆက်လက်ကျင်းပရသည့် အစည်းအဝေးများကို လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်ဟု သတ်မှတ်သင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ အထမြောက်ခြင်းနှင့် စပ်လျဉ်းပြီး–

ပြည်ထောင်စုလွှတ်တော် နာယကသည် သာမန်အားဖြင့် ဆန္ဒမဲပေးစရာမလိုဘဲ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက် တူညီနေသည့်အခါများမှသာ အနိုင်မဲပေးရမည်

“(က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်”

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပေးရမည့် ကိစ္စရပ်များအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြုခွင့်၊ ပြည်ထောင်စုလွှတ်တော်နာယက၏ ဆန္ဒမဲပေးခွင့်တို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးရမည်ဆိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် မည်ရွေ့မည်မျှ၏ ဆန္ဒမဲရရှိမှသာ ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အတိအကျ သတ်မှတ်ထားခြင်းမရှိသည့် ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ရာတွင် အစည်းအဝေးတက်ရောက်ဆန္ဒမဲပေးသည့် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်အများစု၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရန် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် နာယကသည်လည်း သာမန်အားဖြင့် ဆန္ဒမဲပေးစရာမလိုဘဲ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက် တူညီနေသည့်အခါများမှသာ အနိုင်မဲပေးရမည်ဆိုသည့် သတ်မှတ်ချက်လည်း ထားရှိရန်သင့်ပါကြောင်း။

ထို့ကြောင့်–

“(က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက၊ သို့မဟုတ် နာယကတာဝန် ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ၊ ထောက်ခံ ဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို မှန်မှန်တက်ရောက် တာဝန်ထမ်းဆောင်ကြရန် တာဝန်ရှိပါကြောင်း၊ မလွှဲမရှောင်သာသည့် အကြောင်းကြောင့် လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်လျှင် ပြည်ထောင်စုလွှတ်တော်နာယကထံ ခွင့်ပန်ကြားရန် လိုအပ်ပါကြောင်း၊ ခွင့်ပန်ကြားရန် အချိန်ကာလကို ၁၅ရက်ဟု သတ်မှတ်မည်ဆိုလျှင် သင့်တင့်သည့် သတ်မှတ်ချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်မရဘဲ ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်မည်ဆိုလျှင် အဆိုပါလွှတ်တော်ကိုယ်စားလှယ်ကို အရေးယူရန်ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ ခွင့်မဲ့ပျက်ကွက်သည့် ၁၅ရက်ကို ရေတွက်ရာတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရန် သတ်မှတ်ချက်ထားရှိသင့်ပါကြောင်း။

ထို့ကြောင့်–

“ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စု လွှတ်တော်နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယက က သက်ဆိုင်ရာ လွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၌ ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းဆောင်ရွက်နိုင်စေရေးနှင့် လွှတ်တော်အစည်းအဝေး တရားဝင်တက်ရောက်ခွင့်မရှိသူ တစ်ဦးဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်ဆောင်ရွက်ခဲ့ခြင်းကြောင်း ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုလျှင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် ရွေးကောက်ပွဲအသီးသီး ပြုလုပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာမှ အကြောင်းကြောင်းကြောင့် ဒေသအချို့တွင် ရွေးကောက်ပွဲမပြုလုပ်နိုင်ခြင်း၊ ရွေးကောက်ခံရပြီးသည့်နောက် လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်ခြင်းစသည့် အကြောင်းများကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်မှုတွေဖြစ်ပေါ်နိုင်ပါကြောင်း၊ ယင်းသို့ လစ်လပ်နေသော်လည်း ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေသင့်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းများကို စဉ်ဆက်မပြတ် ပုံမှန်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါကြောင်း၊ ထို့အပြင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် တရားဝင် တက်ရောက်ခွင့်မရှိသူတစ်ဦးဦးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း၊ လွှတ်တော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း ဆိုသည်တို့မှာ ဖြစ်သင့်ဖြစ်ထိုက်သည့် ကိစ္စမဟုတ်ဟု ယူဆမိပါကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ သီးခြားအကြံပြုချက်ကို မိမိတို့စာတမ်း၏ နိဂုံးပိုင်းတွင် ဖော်ပြထားပါကြောင်း။

ထို့ကြောင့်–

“ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့် ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း၊ သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များ မှတ်တမ်းများအနက် အမျိုးသားလုံခြုံရေးကို ထိခိုက်နိုင်သည်ဟု သက်ဆိုင်ရာလွှတ်တော်က ထင်မြင်ယူဆရသည့် အကြောင်းအရာများ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ ထုတ်ဝေခြင်းမပြုရန် ကန့်သတ်ထားသည့် ဆုံးဖြတ်ဆောင်ရွက်ချက်များကို ချန်လှပ်ပြီး ကျန်ဆုံးဖြတ်ဆောင်ရွက်ချက်များကို အများပြည်သူသိရှိအောင် ဆောင်ရွက်ရန် သတ်မှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့်–

“ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန်ထုတ်ပြန်ရမည်၊ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အချပ်ပို (ဂ) သို့

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စား လှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒမယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ကိုယ်စားလှယ်(၆)ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းအနက် တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ဖြစ်သည့် တောင်တွင်းကြီး မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်သဘောတူညီချက်၊ အတည်ပြုချက်ရယူရမည်ဆိုလျှင် သတ်မှတ်ချက်မျိုး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းပါရှိမှာဖြစ်ပါကြောင်း။ ယင်းသတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပရန်ရှိလျှင် ကျင်းပရန်ရှိသည့် အနီးကပ်ဆုံးအစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူရန် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အစည်းအဝေးကျင်းပရန် မရှိလျှင် နိုင်ငံတော်သမ္မတက အကြောင်းကြားသည့်အတိုင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပြီး တင်ပြအတည်ပြုချက်ရယူမှာဖြစ်ပါကြောင်း။ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်လျှင် ယင်းအမိန့် ဆက်လက် အာဏာတည်ရမည့်ကာလကိုလည်း တစ်ပါတည်း သတ်မှတ်ပေးရန် လိုအပ်မှာ ဖြစ်ပါကြောင်း။ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်မရလျှင် ယင်းအမိန့်သည် အတည်မပြုသည့်နေ့ကစပြီး အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု ပြဋ္ဌာန်းသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်၊သဘောတူညီချက်၊ အတည်ပြုချက်ရယူရမည့်ကိစ္စများနှင့်စပ်လျဉ်းပြီး–

“(က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်လျှင် ယင်းအမိန့် ဆက်လက် အာဏာတည်ရမည့်ကာလကိုလည်း တစ်ပါတည်းသတ်မှတ်ပေးရန် လိုအပ်

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံးပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး၊ သို့မဟုတ် အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပ၍ ဆွေးနွေး ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ–

(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြုမပြု ဆုံးဖြတ်ရမည်၊

(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့် ဆက်လက် အာဏာတည်ရမည့် အချိန်ကာလကို သတ်မှတ်ပေးရမည်၊

(၃) အတည်ပြုချက်မရရှိလျှင်၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လွှတ်တော်များ၏အဓိကလုပ်ငန်းသည် ဥပဒေပြုရေးလုပ်ငန်းပင်ဖြစ်ပါကြောင်း။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဥပဒေကြမ်းတင်သွင်းခြင်း၊ အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့သည် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းတင်သွင်းခွင့် ရှိစေသင့်ပါကြောင်း၊ ပြည်ထောင်စုအစိုးရကတင်သွင်းသည့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် စီမံကိန်းများ၊ ပြည်ထောင်စု၏ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ရေးဆွဲတင်သွင်းရမည့် နည်းလမ်းများကိုမူ ဥပဒေနှင့်သတ်မှတ်ရန် လိုအပ်မှာဖြစ်ပါကြောင်း။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသောပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဥပဒေကြမ်းတင်သွင်းခွင့်နှင့်စပ်လျဉ်းပြီး–

“(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် “ပြည်ထောင်စု ဥပဒေပြုစာရင်း” တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေး ဆုံးဖြတ်ရမည်”

ဟုအသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက တင်သွင်းသည့် ဥပဒေကြမ်းများအနက် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ထားသည့် ဥပဒေကြမ်းများမှအပ အခြားဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌ဖြစ်စေ၊ အမျိုးသားလွှတ်တော်၌ဖြစ်စေ ဆွေးနွေးဆောင်ရွက်ခွင့်ရှိသင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။ ထို့ကြောင့်–

“ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်”

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အချပ်ပို (ဃ) သို့

အချပ်ပို (ခ)မှ

နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေပြုခွင့်ရှိသည့်ကိစ္စရပ်များကို ဥပဒေပြုရာတွင် အများအားဖြင့် ပြည်ထောင်စုတစ်ခုလုံး၌ အာဏာသက်ရောက်စေမည့် ဥပဒေများဖြစ်ရန်များပါကြောင်း၊ သို့ရာတွင် တစ်ခါတစ်ရံ ပြည်ထောင်စုတစ်ခုလုံးနှင့် မသက်ဆိုင်ဘဲ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသကိုသာ အာဏာသက်ရောက်မည့် ဥပဒေမျိုးကို ပြဋ္ဌာန်းရသည်လည်း ရှိနိုင်ပါကြောင်း၊ တစ်ဖန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် ဥပဒေကြမ်းတစ်ခုကို ဥပဒေအဖြစ်ရောက်ရှိစေရေးအတွက် တူညီသည့်တာဝန်၊ တူညီသည့်လုပ်ပိုင်ခွင့်များ ရှိကြပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းတစ်ခုကို ပြည်သူ့လွှတ်တော်ကရော၊ အမျိုးသားလွှတ်တော်ကပါ အတည်ပြုခဲ့လျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး–

“(က) ပြည်ထောင်စုလွှတ်တော်သည် “ပြည်ထောင်စုဥပဒေပြု စာရင်း” တွင် ဖော်ပြသောကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင် ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးကအတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများမှာလည်း နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပြီးဖြစ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား အပ်နှင်းထားသင့်ပါကြောင်း။

အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း ထုတ်ပြန်ခွင့်ကိုမူ သက်ဆိုင်ရာ အာဏာပိုင်များအား အပ်နှင်းရန် သတ်မှတ်သင့်ပါကြောင်း။

နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင် ပယ်ဖျက်နိုင်သည့် လုပ်ပိုင်ခွင့်နှင့် ပြင်ဆင်စေနိုင်သည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုလွှတ်တော်အား အပ်နှင်းထားသင့်ပါကြောင်း၊ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင်မူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ကျင့်သုံးဆောင်ရွက်ကြရန် သတ်မှတ်သင့်ပါကြောင်း၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြင်ဆင်ရန် လွှတ်တော်နှစ်ရပ်စလုံးက ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်သည်ဟု မှတ်ယူဆောင်ရွက်ရန်လည်း သတ်မှတ်သင့်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်စလုံး ကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ရယူရန် သတ်မှတ်သင့်ပါကြောင်း၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ကို ပြင်ဆင်ပယ်ဖျက်ရန် အဆုံးအဖြတ်ပြုခဲ့လျှင် ထိုသို့ ပြင်ဆင်ပယ်ဖျက်ခြင်း မပြုမီ ဆောင်ရွက်ခဲ့ပြီးဖြစ်သော အမှုကိစ္စများကိုလည်း မထိခိုက်စေရန် သတ်မှတ်ချက် ထားရှိသင့်ပါကြောင်း။

ထို့ကြောင့်–

“(က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း၊ သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်း ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည်၊ သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ)၊ သို့မဟုတ်(ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း၊ သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၌ ပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံအချင်းချင်း စာချုပ်များ ချုပ်ဆိုခြင်း၊ မိမိနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်လာသည့်စာချုပ်များမှ နုတ်ထွက်ခြင်းများလည်း ရှိလာနိုင်ပါကြောင်း၊ ယင်းသို့ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ သို့မဟုတ် နိုင်ငံအချင်းချင်းစာချုပ်များတွင် ပါဝင်ချုပ်ဆိုခြင်း၊ သဘောတူညီချက်များတွင် ပါဝင်လက်မှတ်ရေးထိုးခြင်း၊ နုတ်ထွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတစ်ခုလုံးကို အကျိုးသက်ရောက်မှုရှိနိုင်သည့် ကိစ္စများဖြစ်သည့်အတွက် သမ္မတတစ်ဦးတည်း၏ ဆန္ဒသဘောထားအရ ဆောင်ရွက်ခွင့်မပြုဘဲ သက်ဆိုင်ရာ လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း၊ ချစ်ကြည်ရေး စာချုပ်၊ ယဉ်ကျေးမှုဖလှယ်ရေး စာချုပ်စသည့် စာချုပ်မျိုး၊ သဘောတူညီချက်မျိုးများကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့် လုပ်ပိုင်ခွင့်လွှဲအပ်မည်ဆိုလျှင် လုပ်ငန်းမြန်ဆန်ထိရောက်နိုင်မှာ ဖြစ်ပါကြောင်း။

ထို့ကြောင့်–

“ပြည်ထောင်စုလွှတ်တော်သည်–

(က) နိုင်ငံတော်သမ္မတက တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ သို့မဟုတ် နိုင်ငံအချင်းချင်း ဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ်၊ သို့မဟုတ် သဘောတူညီချက် အမျိုးအစားကို ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက် ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်’’

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပါအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ စနစ်တကျကျင်းပနိုင်အောင် ကြီးကြပ်ကွပ်ကဲသည့်တာဝန်ကို ပြည်ထောင်စုလွှတ်တော်နာယကက ထမ်းဆောင်နိုင်ရေး အသေးစိတ်အခြေခံရမည့်မူများချမှတ်ထားသင့်

အချပ်ပို (ဂ) မှ

ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများကို လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခြင်းမပြုမီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ဖွဲ့စည်းထားရှိမည့် ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေနိုင်သည့် လုပ်ပိုင်ခွင့်နှင့် ယင်းကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက်တို့ဖြင့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြနိုင်သည့် လုပ်ပိုင်ခွင့်များ၊ ပြည်ထောင်စုလွှတ်တော်တွင် ရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲခဲ့လျှင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ရယူစေသင့်ပါကြောင်း။ အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ကျင်းပဆဲလွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ရန် အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် သာမန်အားဖြင့် အနီးစပ်ဆုံး ပုံမှန်အစည်းအဝေး၌ ဆုံးဖြတ်ရန်နှင့် အများပြည်သူအကျိုးအတွက် အလျင်အမြန်ဆုံးဖြတ်ရမည့် ဥပဒေကြမ်းဖြစ်လျှင် အထူး(သို့မဟုတ်)အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပပြီး ဆွေးနွေး ဆုံးဖြတ်ရန် ဆောင်ရွက်သင့်ပါကြောင်း။ ထို့ကြောင့်–

"ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရမည်"

ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေကြမ်းများအနက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့်ဥပဒေကြမ်းများကိုလည်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ၁၄ ရက်အတွင်း ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပေးရန် သင့်ပါကြောင်း။ တစ်ဖန်နိုင်ငံတော်သမ္မတအနေဖြင့် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ သတ်မှတ်ထားသည့်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်ပို့ခွင့်လည်းရှိသင့်ပါကြောင်း။ သတ်မှတ်ထားသည့်ကာလအတွင်းတွင် နိုင်ငံတော်သမ္မတအနေဖြင့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တစ်စုံတစ်ရာအရေးယူ ဆောင်ရွက်ခြင်းမရှိလျှင် သတ်မှတ်ကာလပြီးမြောက်သည့်နေ့တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်ဆိုသည့် သတ်မှတ်ချက်လည်း ရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်။

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင်သော် လည်းကောင်း၊ သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ်ထုတ်ပြန်ခြင်းမပြုမီ နိုင်ငံတော်သမ္မတက မိမိသဘောထားမှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်ပို့သည့်အခါ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကိုလက်ခံပြီး ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့လျှင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းကို ပြင်ဆင်ပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာပေးရန် နိုင်ငံတော်သမ္မတထံ ပြန်လည်တင်ပြရမှာဖြစ်ပါကြောင်း၊ အကယ်၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုခဲ့လျှင် ယင်းသို့ မူလအတိုင်း အတည်ပြုသည့် ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ်ထုတ်ပြန်ကြေညာပေးရန် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတထံ ပြန်လည်တင်ပြရမှာဖြစ်ပါကြောင်း၊ ယင်းသို့ ပြန်လည်တင်ပြလာသည့် ဥပဒေကြမ်းကို ရရှိသည့်နေ့၏ နောက်တစ်နေ့ကစပြီး (၇)ရက်အတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးရန် သတ်မှတ်သင့်ပါကြောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခြင်း မပြုခဲ့လျှင်လည်း သတ်မှတ်ကာလကုန်ဆုံးသည့်အခါတွင် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်ဆိုသည်ကိုလည်း အသေးစိတ်အခြေခံရမည့် မူများပါရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"(က) နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏ သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည်။ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော ဥပဒေကြမ်း၊ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ မူလအတိုင်း အတည်ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သော ဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်း မပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေ ကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။"

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည့်ဥပဒေများကို အများပြည်သူသိရှိလိုက်နာနိုင်ရန် ထုတ်ပြန်ကြေညာရပါကြောင်း။ ယင်းသို့ ကြေညာရာတွင် နိုင်ငံတော်ပြန်တမ်း၌ ထုတ်ပြန်ကြေညာသည့်အပြင် နေ့စဉ်ထုတ်သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြသင့်ပါကြောင်း။ ထုတ်ပြန်ကြေညာသည့် ဥပဒေကိုလည်း ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်စေရမည်ဟု သတ်မှတ်သင့်ပါကြောင်း။ ထို့ကြောင့်–

"နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ၊ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည် ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရ မည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ အာဏာတည်ရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးများ၊ တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့အနေဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းပြောဆိုခွင့်၊ ဆွေးနွေးခွင့်ရှိရန် လိုအပ်ပါကြောင်း၊ သို့ရာတွင် ယင်းအဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များသည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များမဟုတ်သည့်အတွက် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်ဖြင့်သာ တက်ရောက်ခွင့် ရှိစေသင့်ပါကြောင်း။ ထို့ကြောင့်–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်"

ဟုအသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို စနစ်တကျ ကျင်းပနိုင်အောင် ကြီးကြပ်ကွပ်ကဲသည့် တာဝန်ကို ပြည်ထောင်စုလွှတ်တော်နာယကက ထမ်းဆောင်နိုင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားသင့်ပါကြောင်း၊ နိုင်ငံတော်သမ္မတက လာရောက်ပြီး မိန့်ခွန်းပြောကြားလိုကြောင်း ဆက်သွယ်အကြောင်းကြားခဲ့လျှင် နာယကက ဖိတ်ကြားရမည့် တာဝန် ရှိသင့်ပါကြောင်း၊ တစ်ဖန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဝင်များကိုလည်း အများပြည်သူအတွက် အကျိုးရှိမည်ဟု သဘောရရှိလျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားနိုင်သည့် လုပ်ပိုင်ခွင့်မျိုးလည်း ပြည်ထောင်စုလွှတ်တော် နာယကမှာ ရှိသင့်ပါကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ သတ်မှတ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ဆောင်ရွက်စေသင့်ပါကြောင်း။ ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်နာယကသည်–

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများ၊ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်း တင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ အသိပေးတင်ပြသင့်သည်ဟု သဘောရရှိလျှင် ယင်းအဖွဲ့အစည်းအနေဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်ခွင့် ရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြ သင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်"

ဟုအသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ကြောင်းအကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ လွတ်လပ်စွာ တင်ပြပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသင့်ပါကြောင်း။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆို ဆွေးနွေးမှုများနှင့်စပ်လျဉ်းပြီး အရေးယူရန် လိုအပ်လာလျှင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသင့်ပါကြောင်း။ ပြည်ထောင်စုဥပဒေကြမ်းကော်မတီဝင်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဝင်များ၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနည်းတူ ပြောဆိုဆွေးနွေးမှုများသည်လည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေများအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရှိသင့်ပါကြောင်း။

အကယ်၍ ကိုယ်ထိလက်ရောက် ကျူးလွန်မှုရှိခဲ့လျှင် ကျူးလွန်သူတို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူသင့်သည်ဟု သဘောရရှိပါကြောင်း။

ထို့ကြောင့်–

"(က) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များ၊ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း၊ မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ၊ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်အပိုဒ်(က)နှင့်(ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်"

ဟုအသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကိုဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို နာယက၏ခွင့်ပြုချက်ဖြင့် တက်ရောက်နေသူများ၊ နာယက၏ဖိတ်ကြားခြင်းခံရသည့် ပုဂ္ဂိုလ်များသည်လည်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတက်ရောက်နေခိုက်တွင် ဖမ်းဆီးရန်လိုအပ်လာလျှင် ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် အထောက်အထားနှင့် ချက်ချင်းဖမ်းဆီးရန် လိုအပ်ကြောင်း အထောက်အထားများကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြပြီး နာယက၏ကြိုတင်ခွင့်ပြုချက်ရှိမှသာ ဖမ်းဆီးရမည်ဆိုသည့် အသေးစိတ်အခြေခံမူလည်း ချမှတ်သင့်ပါကြောင်း။ ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက်နေသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် နာယက၏ခွင့်ပြုချက်၊ သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်ထောင်စုလွှတ်တော် နာယကထံတင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်နာယက၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်၏ မှတ်တမ်းမှတ်ရာများကို စနစ်တကျ ထိန်းသိမ်းရန် အများပြည်သူသိရှိနိုင်အောင် ဖြန့်ချိထုတ်ဝေရန်ဆိုသည့် အချက်များကို ဥပဒေနှင့်သတ်မှတ် သင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ဖြန့်ချိထုတ်ဝေသည့်၊ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်၏ အခွင့်အာဏာနှင့် ဖြန့်ချိထုတ်ဝေသည့် မှတ်တမ်းမှတ်ရာများနှင့် စပ်လျဉ်းပြီး တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်း လွှတ်တော်၏ အခွင့်အာဏာအရ သော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာ များ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ"

ဟု အသေးစိတ် အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။ **(သတင်းစဉ်)**